ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၄.၅၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့၂၁-၁၂-၂၀၁၆ရက်နေ့မှာအစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးငွန်ပေး၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဦးပြုးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊UEC ခုံရုံးတက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေးနှင့် ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကမ္ဘာ့ ကျန်းမာရေး ဆေးလိပ်နှင့်ဆေးရွက်ကြီး နှီးနှောဖလှယ်ပွဲ တက်ရောက်ရန် တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၆)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၁၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနဲ့ ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်-မော်လမြိုင် ကားလမ်းမပေါ်ရှိ မြို့ကြီးနှစ်မြို့ဖြစ်သော ကျိုက်ထိုမြို့နှင့် သထုံမြို့များတွင် ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန်နှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် မြို့ရှောင်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က ရန်ကုန်-မော်လမြိုင် ကားလမ်းမပေါ်ရှိ မြို့ကြီးနှစ်မြို့ဖြစ်သော ကျိုက်ထိုမြို့နှင့် သထုံမြို့များတွင် ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန်နှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် မြို့ရှောင်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်း တစ်မြို့နှင့် တစ်မြို့ ပြည်သူတို့ကုန်စည်များ ပို့ဆောင်ခြင်းနှင့် ကူးလူးဆက်ဆံသွားလာရာတွင် ကုန်းလမ်းခရီး ကိုသာ အများဆုံးအသုံးပြုရပါတယ်။ အထူးသဖြင့် မော်တော်ကားများဖြင့် သွားလာပို့ဆောင်ကြသဖြင့် မော်တော်ကားလမ်းများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါလှပါတယ်။ ဒါကြောင့်မို့ ပြည်သူများအတွက် ကုန်စည်များကို လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်ရန်နှင့် အချိန်တိုအတွင်း အသက်အန္တရာယ်ကင်းရှင်း စွာဖြင့်လိုရာခရီးကိုရောက်ရှိစေရန် မော်တော်ကားလမ်းများ ကောင်းမွန်မှုရှိစေရန်နှင့် ယာဉ်ကြော ရှုပ်ထွေးမှု မရှိစေရန် ဆောင်ရွက်ရမည့်တာဝန်မှာ ပြည်သူ့အစိုးရ၏ တာဝန်သာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမ ပေါ်တွင် ပဲခူး၊ ဝေါ၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ဇင်းကျိုက်၊ ပေါင်နှင့် မုတ္တမအစရှိသည့် မြို့များ ရှိကြပါတယ်။ အဆိုပါ မြို့များထဲမှ ပဲခူး၊ ကျိုက်ထိုနှင့် သထုံမြို့များသည် လူဦးရေထူထပ်ပြီး မော်တော်ကား၊ မော်တော်ဆိုင်ကယ်အစီးရေ လွန်စွာများပြားသဖြင့် ယာဉ်ကြောလွန်စွာ ရှုပ်ထွေးသော မြို့ကြီးများ ဖြစ်ကြပါတယ်။ ယခုအခါ ပဲခူးမြို့၌ မြို့ရှောင်လမ်းဖောက်လုပ်ပြီးဖြစ်သော်လည်း ကျိုက်ထို နှင့်သထုံမြို့များတွင် မြို့ရှောင်လမ်းများ ဖောက်လုပ်ထားခြင်းမရှိသေးပါ။ အဆိုပါ ကျိုက်ထိုနှင့် သထုံမြို့(၂)မြို့ရှိ အဝေးပြေးကားများ ဖြတ်သန်းသွားလာသော မြို့တွင်းလမ်းများသည် လွန်စွာ ကျဉ်းမြောင်းသဖြင့် ကျောင်းတက်၊ ကျောင်းဆင်းချိန်၊ ရုံးတက်၊ ရုံးဆင်းချိန်များ၌ ယာဉ်ကြောလွန်စွာ ရှုပ်ထွေးလှသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လေ့ရှိပြီး ခရီးသွားပြည်သူများအတွက် အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်နေပါတယ်။ ယာဉ်မတော်တဆမှုများလည်း မကြာခဏဖြစ်ပေါ်သဖြင့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အို၊ ဘိုးဘွား၊ မိဘပြည်သူများ အသက်ဆုံးရှုံးနေရကြောင်းကို မကြာခဏဆိုသလို မြင်တွေ့ကြားသိနေရပါတယ်။

ထို့အပြင် အဆိုပါမြို့(၂)မြို့ကို ရန်ကုန်မှ မော်လမြိုင်သို့သွားသော ကုန်တင်ယာဉ်များနှင့် လူစီးမော်တော်ယာဉ်များ ဖြတ်သန်းသွားလာခြင်း ပြုသည်သာမက ရန်ကုန်မှဘားအံ၊ ရန်ကုန်မှ မြဝတီ နယ်စပ်မြို့၊ ရန်ကုန်မှရေး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့၊ နေပြည်တော်မှ မော်လမြိုင်မြို့နှင့် မန္တလေးမှ မော်လမြိုင်မြို့သို့ သွားလာသော မော်တော်ယာဉ်များလည်း ဖြတ်သန်းသွားလာနေကြ ပါတယ်။ ဒါကြောင့် အဆိုပါ မြို့(၂)မြို့၌ မြို့ရှောင်လမ်းဖောက်လုပ်ပေးမည်ဆိုပါက အဆိုပါ မြို့(၂)မြို့ရှိ ပြည်သူများကို အကျိုးပြုရုံသာမက ရန်ကုန်တိုင်း၊မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်မှ ခရီးသွားလာကြသော ပြည်သူများကိုပါ အကျိုးပြုမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ကျိုက်ထိုမြို့ဆိုလျှင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် တည်ရှိရာမြို့ဖြစ်သည် နှင့်အညီ မြန်မာတစ်နိုင်ငံလုံးမှဘုရားဖူးမိဘပြည်သူများ ကျိုက်ထီးရိုးစေတီသို့ လာရောက်ဖူးမြော်ကြသဖြင့် ဘုရားဖူးမိဘပြည်သူများ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်ရန်အတွက် မြို့ရှောင်လမ်း မဖြစ်မနေ လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်-မော်လမြိုင် ကားလမ်းမပေါ်ရှိ မြို့ကြီး(၂)မြို့ဖြစ်သော ကျိုက်ထိုမြို့နှင့် သထုံမြို့များတွင် ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာခရီးသွားလာရန်နှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် ယခုပြည်သူ့အစိုးရလက်ထက်တွင် မြို့ရှောင်လမ်းများ ဖောက်လုပ်ပေးရန်

အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်လုပ်ဆောင်မည်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ၂၀၁၃ ခုနှစ် မိုးညှင်း - ဟိုပင် မြို့ချင်းဆက်လမ်း ဖောက်လုပ်ရာတွင် မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု ကွင်းအမှတ်-၂၆၀၊၂၆၀(က)ရှိ လုပ်ပိုင်ခွင့်ရ လယ်ပိုင်ရှင် (၂၅)ဦး၏ ဆုံးရှုံးသွားသည့် လယ်မြေများအား လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၌ ၂၀၁၃ ခုနှစ် မိုးညှင်း - ဟိုပင် မြို့ချင်းဆက်လမ်း ဖောက်လုပ်ရာတွင် မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု ကွင်းအမှတ်-၂၆၀၊ ၂၆၀(က)ရှိ လုပ်ပိုင်ခွင့်ရ လယ်ပိုင်ရှင် (၂၅)ဦး၏ ဆုံးရှုံးသွားသော လယ်မြေများအား လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ဝန်ထမ်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က မိုးညှင်းမြို့နယ်ကို ကိုယ်စားပြုတဲ့ ဦးမင်းဆွေနိုင်ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှာ ၂၀၁၃ခုနှစ်၊ ဟိုပင်-မိုးညှင်းမြို့ချင်းဆက်လမ်း ဖောက်လုပ်ရာမှာ မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု ကွင်းအမှတ်-၂၆၀၊ ၂၆၀(က)ရှိ လုပ်ပိုင်ခွင့်ရ လယ်ပိုင်ရှင် (၂၅)ဦး၏ ဆုံးရှုံးသွားသည့် လယ်မြေများအား လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှာ ၂၀၁၃ ခုနှစ်၊ မိုးညှင်း-ဟိုပင် မြို့ချင်းဆက်လမ်း ဖောက်လုပ်ရာမှာ မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု၊ ကျွန်တော်တို့ ရွာအခေါ် လွင်ကြီးကွင်းအရှေ့ကွင်းအမှတ် - ၂၆၀၊၂၆၀(က)၊ ဦးပိုင်အမှတ် အသီးသီးပါရှိကြတဲ့ လုပ်ပိုင်ခွင့်ရ လယ်ပိုင်ရှင်(၂၅)ဦးရဲ့ လယ်မြေများ ပါဝင်သွားတာ တွေ့ရှိရပါတယ်။ ၎င်းမြို့ချင်းဆက်လမ်း မဟာမီးရထားလမ်းနှင့်အပြိုင် ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပေမယ့်လည်း တချို့နေရာများမှာ မီးရထားပိုင်နယ်မြေများအတွင်း ဖောက်လုပ်ထားပြီးတော့ တချို့နေရာများမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ နန်းမားကျေးရွာအုပ်စုရဲ့ လုပ်ပိုင်ခွင့်ရ လယ်မြေများပေါ် ဖောက်လုပ်ထားသည်ကိုတွေ့ရပါတယ်။

အဲဒီ နစ်နာဆုံးရှုံးသွားတဲ့ လယ်ပိုင်ရှင်(၂၅)ဦးဟာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များကို တင်ပြတောင်းဆိုခဲ့ရာမှာလည်း ကွင်းဆင်းစစ်ဆေးမှုရှိခဲ့ပေမယ့် ယနေ့အချိန်ထိအောင် ဘာတစ်ခုမှ

အကြောင်းပြန်ကြားခဲ့ခြင်းမရှိပါ။ ဒါကြောင့်မို့ မြို့ချင်းဆက်လမ်းဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ လုပ်ပိုင်ခွင့်ရလယ်ပိုင်ရှင်(၂၅)ဦးရဲ့ နစ်နာဆုံးရှုံးမှုများကို ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ လျော်ကြေးပေးရန် အစီအစဉ်ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ခုနှစ်၊ လ၊နေ့ နောက်ဆုံးထားပြီး ပေးရန် အစီအစဉ်ရှိ/မရှိကို အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ မွန်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် မှ မေးမြန်းထားတဲ့ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်ရှိ မြို့ကြီး(၂)မြို့ဖြစ် သော ကျိုက်ထိုမြို့နဲ့ သထုံမြို့များတွင် ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မြို့ရှောင်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ် လမ်းပေါ်မှာရှိတဲ့ ကျိုက်ထိုမြို့နဲ့ သထုံမြို့တို့ဟာဆိုရင် ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာ နိုင်ရန်နဲ့ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မြို့ရှောင်လမ်းများဖောက်လုပ်ရန် စီစဉ် ဆောင်ရွက် လျက် ရှိပါတယ်။ ကျိုက်ထိုမြို့ရှောင်လမ်း ဖောက်လုပ်ရန် လမ်းအူကြောင်း(၂)ခု လျာထားခဲ့ရာ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပြီး ဖြစ်နိုင်စွမ်းများတဲ့ ရှည်လျားတဲ့လမ်းအူကြောင်း (၂)ကြောင်းကို ကျိုက်ထိုမြို့၊ မြို့ရှောင်လမ်းအဖြစ် ရွေးချယ်ခဲ့ပါတယ်။ ကျိုက်ထိုမြို့ရှောင်လမ်း ဖောက်လုပ်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်း၊ လေယာဉ်ကွင်း၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲကနေပြီးတော့ လမ်းအူကြောင်းနှင့် လမ်းဒီဇိုင်း တိုင်းတာပုံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျိုက်ထိုမြို့ ရှောင်လမ်းတစ်လျှောက် လမ်းနယ်(၂၃၀)ပေအတွင်းမှာရှိတဲ့ မြေယာများအား မြေယာလျော်ကြေးပေးချေနိုင်ရေး ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနဲ့လည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက် ပေးဖို့လည်း မေတ္တာရပ်ခံလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ သထုံမြို့ရှောင်လမ်းနဲ့ပတ်သက်ပြီးတော့ တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ သထုံမြို့ရှောင်လမ်း ဖောက်လုပ်ရန်မှာ လမ်းအူကြောင်း(၃)ခု လျာထားခဲ့ရာ ၂၅-၈-၂၀၁၆ ရက်နေ့မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ လမ်းအူကြောင်းအမှတ်(၁)ကို ရွေးချယ်သတ်မှတ်ခဲ့ပါတယ်။ အဆိုပါလမ်းအူကြောင်းဟာဆိုရင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း မိုင်တိုင်အမှတ်(၁၄၇/၀)မှ ယာဘက်သို့ ခွဲထွက်ပြီးတော့ မိုင်တိုင်အမှတ်(၁၅၃/၀)အထိ လမ်းအရှည်(၆.၁၆)မိုင် ရှည်လျားပါတယ်။ သထုံမြို့ရှောင်လမ်းဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်း၊ လေယာဉ်ကွင်း၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲကနေပြီးတော့ ပဏာမ လမ်းအူကြောင်းနဲ့ လမ်းဒီဇိုင်း တိုင်းတာပုံထုတ်ခြင်းလုပ်ငန်းများနဲ့ ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကွင်းဆင်းစစ်ဆေးချက်များအရ လမ်းအူကြောင်းတစ်လျှောက် လမ်းနယ်ပေ (၂၃၀)အတွင်း ပါဝင်သွားတဲ့ လယ်မြေ(၁၃၈.၂၈)ဧက၊ ဥယျာဉ်ခြံမြေ(၄.၁၂)ဧက၊ စားကျက်မြေ(၉.၇၆)ဧကနဲ့ စုစုပေါင်း(၁၅၂.၁၆)ဧကရှိပြီးတော့ မြေယာလျော်ကြေးတန်ဖိုးကို သတ်မှတ် နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့ရှောင်လမ်းနဲ့ သထုံမြို့ရှောင်လမ်းများ ဖောက်လုပ်ရန် ပထမဦးစွာ လမ်းနယ်အတွင်းပါဝင်သွားတဲ့ လယ်မြေများအား ကွင်းဆင်းတိုင်းတာရန်နဲ့ မြေယာလျော်ကြေးတန်ဖိုး သတ်မှတ်နိုင်ရေးဆောင်ရွက်ပေးပါရန် လမ်းဦးစီးဌာန၊ပြည်နယ်ညွှန်ကြားရေးမှူးရုံးမှနေပြီး မွန်ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်တဲ့အတွက် လမ်းနယ်အတွင်း ပါဝင်သွားတဲ့ လယ်မြေဧက စုစုပေါင်းမြေယာလျော်ကြေးတန်ဖိုးငွေ သတ်မှတ်ပြီးပါက ရန်ပုံငွေတင်ပြတောင်းခံပြီး မြို့ရှောင် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ ကချင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် မှ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၌ ၂၀၁၃ ခုနှစ်၊ မိုးညှင်း-ဟိုပင် မြို့ချင်းဆက်လမ်းဖောက်လုပ်ရာတွင် မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု ကွင်းအမှတ် - ၂၆၀၊၂၆၀(က)ရှိ လုပ်ပိုင်ခွင့်ရ လယ်ပိုင်ရှင်(၂၅)ဦး၏ ဆုံးရှုံးသွားသည့် လယ်မြေများအား လျော်ကြေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော ဖြေကြားချက်ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်း-နန်းမား-ဟိုပင် မြို့ချင်းဆက်လမ်းဟာဆိုရင် ယခင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သတ်မှတ်ခဲ့ပါတယ်။ အဆိုပါလမ်းဟာ မိုးညှင်းမှ ဟိုပင်ထိ (၁၇)မိုင်(၇)ဖာလုံရှည်လျားပြီးတော့ ယခင်လမ်းဧရိယာမှာ ကျဉ်းမြောင်းတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ လမ်းတာပေါင်တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ မိုးညှင်း-ဟိုပင် မြို့ချင်းဆက်လမ်းဖောက်လုပ်ရာမှာ ပါဝင် သွားခဲ့တဲ့ နန်းမားကျေးရွာအုပ်စု ကွင်းအမှတ်-၂၆၀၊ ၂၆၀(က)သို့ ၂၇-၇-၂၀၁၆ ရက်နေ့တွင်

မိုးညှင်းမြို့ နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ ကွင်းဆင်းစစ်ဆေးခဲ့ရာ ကွင်းအမှတ်- ၂၆ဝ တွင် တောင်သူ(၇)ဦး၊ ဦးပိုင်ပေါင်း(၁ဝ)ခုအနက်မှ လမ်းမြေအတွင်းပါသွားတဲ့ လယ်ယာမြေဧရိယာ (၃.၂၈)ဧက၊ ကွင်းအမှတ်- ၂၆ဝ(က)တွင် တောင်သူ(၁၅)ဦး၊ ဦးပိုင်ပေါင်း(၁၆)ခုအနက်မှ လမ်းမြေအတွင်း ပါဝင်သွားတဲ့ လယ်မြေ ဧရိယာ(၃.၉၆)ဧက၊ စုစုပေါင်းကွင်း(၂)ကွင်း၊ တောင်သူ(၂၂)ဦး၊ ဦးပိုင်ပေါင်း (၂၅)ခု၊ လယ်ယာမြေ ဧရိယာ(၇.၂၄)ဧကဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးညှင်း-ဟိုပင် မြို့ချင်းဆက်လမ်းဖောက်လုပ်ရာမှာ ပါဝင်သွားခဲ့တဲ့ နန်းမား ကျေးရွာအုပ်စုမှတောင်သူ(၂၂)ဦးရဲ့ လယ်ယာမြေဧရိယာ(၇.၂၄)ဧကအား လယ်ယာမြေလျော်ကြေး ပေးချေရန်အတွက် ၂ဝ၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေများအရ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရန်မှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအနေနဲ့ သတ်မှတ်မြေယာလျော်ကြေး ခွင့်ပြုနှုန်းထားများကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိလာပါက မြေယာလျော်ကြေးများအား နီးစပ်ရာ ဘဏ္ဍာနှစ်တွင် ထည့်သွင်းရေးဆွဲ ခွင့်ပြုချက်ရယူပြီးတော့ ရရှိပါက သက်ဆိုင်ရာ နစ်နာသူ တောင်သူများအား အမြန်ဆုံးပေးချေသွားမှာဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

**အချိန်၊ ၁ဝး၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရသော မိကျောင်း အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် ယခုထက် ပိုမို ကောင်းမွန်သော လူထုပညာပေး အစီအစဉ်များ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**အချိန်၊ ၁ဝး၂၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့က ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရသော မိကျောင်း အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် ယခုထက်ပိုမို ကောင်းမွန်သော လူထုပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၂၆။**

**ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး

မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ဖြစ်ပါတယ်။ ကျွန်မတို့ ဘိုကလေးမြို့သည် မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိပြီး ဒီရေတောများ၊ သစ်တောကြိုးဝိုင်းများ၊ မိန်းမလှကျွန်းကဲ့သို့ ဘေးမဲ့တောများရှိပြီး၊ ထိုသဘာဝဘေးမဲ့တောများတွင် ရေချိုု ရေငန်စပ်မိကျောင်းများ၊ ရှားပါးလိပ်ပြာမျိုးစိတ်များ၊ ဆောင်းခိုငှက်များ၊ ဧရာဝတီလင်းပိုင်များ စသဖြင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း (၃၀၀)ကျော်ရှိသည် ဟု လေ့လာ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီနေရာမှာ ကျွန်မပြောချင်တာကတော့ မိကျောင်းကိစ္စလေး ဖြစ်ပါတယ်။ မိကျောင်းများရဲ့ သဘာဝဟာ ဧပြီလမှ ဇွန်လအထိ မိတ်လိုက်တတ်ပြီး၊ ဇွန်လမှ ဩဂုတ်လအထိ အသိုက်ပြုလုပ်လေ့ရှိပါတယ်။ ထိုရေချိုု ရေငန်စပ်မိကျောင်းများသည် ရှားပါး အာဆီယံမျိုးစိတ်များ ဖြစ်တာကြောင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၇ အရ အကာအကွယ်ပေးထားပါတယ်။ ကျွန်မတို့ ဘိုကလေးမြို့မှာ ယခင်ကဆိုလျှင် မိကျောင်းအန္တရာယ် ကျရောက်မှုသည် ထူးခြားဖြစ်စဉ်များ ဖြစ်ပါသော်လည်း ယခုနှစ်များတွင် မိကျောင်းအန္တရာယ်ကြောင့် လူအသေအပျောက်များ ဖြစ်နေပါတယ်။ ဒီနှစ်အတွင်းမှာပင် လူနှစ်ဦးသေဆုံးပြီးတစ်ဦးမှာ ဒဏ်ရာရ၍ဆေးရုံတက်ကုသ နေရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မိန်းမလှကျွန်းပတ်ဝန်းကျင်ကို နယ်မြေဆင်းတဲ့အခါမှာ မြစ်ကမ်းနဖူး များတွင် မိကျောင်းအန္တရာယ်ရှိသည်။ ရေထဲမဆင်းရဆိုသော သတိပေးဆိုင်းဘုတ်များ နေရာအနှံ့ စိုက်ထူထားသည်ကိုလည်း တွေ့ရှိရပါတယ်။ ဒီဒေသသည် မြစ်ချောင်း၊ အင်းအိုင်ပေါများခြင်း၊ ရေလုပ်ငန်းကို အခြေခံလုပ်ကိုင်စားသောက်ရခြင်း၊ ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးအားထား ပြု၍ သွားလာရခြင်းအပြင်၊ မိကျောင်းအန္တရာယ်ရှိလို့ ရေထဲမဆင်းရဆိုတော့ နေ့စဉ်လူမှုဒုက္ခအဝဝကို ကျွန်မတို့ ပြည်သူများခံစားရပါတယ်။ အထူးသဖြင့် ထိုဒေသမှာ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သက်ကြီးရွယ်အိုများသည် ရေလမ်းခရီးဖြင့်သာ သွားလာနေရသဖြင့်၊ မိကျောင်းအန္တရာယ်ကို အင်မတန်မှ ကြောက်ရွံ့ကြပါတယ်။ ဒေသခံတချို့မှလည်း သူတို့ရဲ့ စားဝတ် နေရေးကို ဖြေရှင်းရန်အတွက် ချောင်းကြိုချောင်းကြား၊ မြောင်းကြိုု မြောင်းကြားများမှာ ငါးရှာ၊ ပုစွန်ရှာ၊ ကဏန်းနှိုက်၊ ခရုနှိုက် စသဖြင့် နိစ္စဓူဝ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းအမျိုးမျိုးကို ရှာဖွေရင်း မိကျောင်းများနှင့် ရင်ဆိုင်တိုးပြီး အသက်ဆုံးရှုံးရခြင်းများလည်း ဖြစ်ပါတယ်ရှင်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးရှင့်။ ဒီနေရာမှာ ကျွန်မတို့ ဆက်စပ်စဥ်းစား တွေးခေါ်စရာများလည်း ဖြစ်ပေါ်လာပါတယ်။ တိရစ္ဆာန်နှင့် လူသားများ ထိပ်တိုက်ရင်ဆိုင်ရတဲ့ အခြေအနေမျိုးတွင် မိကျောင်းများကတော့ အာဆီယံရှားပါးမျိုးစိတ်တွေ ဖြစ်တာကြောင့် အကာအကွယ်ရပြီး လူသားများကတော့ အကာအကွယ်မဲ့သလို ခံစားနေရပါတယ်။ နိုင်ငံတော်မှ ရှားပါးတိရစ္ဆာန်မျိုးစိတ်များ မျိုးတုံးလုနီးပါး ဖြစ်နေတဲ့ တောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ပေးခြင်းသည် အင်မတန်မှ ကောင်းမွန်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်မရဲ့ ဒေသခံပြည်သူများရဲ့ စိုးရိမ်ပူပန်မှုများ၊ အကြောက်တရားများ ကင်းဝေးစေရန်လည်း ဒါကြောင့်မို့လို့ ကျွန်မဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ(က)ဘိုကလေးမြို့နယ်တွင်

ကြုံတွေ့နေရသော မိကျောင်းအန္တရာယ်များကို နောင်နှစ်များတွင် မကြုံရအောင် မည်ကဲ့သို့စီစဉ်ထားပါသလဲ။ (ခ) လူထုပညာပေး အစီအစဉ်များဆောင်ရွက်တဲ့အခါမှာ ယခုထက်ပိုမိုကောင်းမွန်သော အစီအစဉ်များ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ နှင့် ထိုကော်မတီကို ပြန်လည်ဖွဲ့စည်းမည်ဆိုပါက မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ ထိုသို့ ဖွဲ့စည်းရာတွင် ဒေသခံများအား ထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်မှ က စစ်ကိုင်းတိုင်းဒေသကြီး၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ နှင့် ထိုကော်မတီကို ပြန်လည်ဖွဲ့စည်းမည်ဆိုပါက မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ ထိုသို့ ဖွဲ့စည်းရာတွင် ဒေသခံများအား ထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်သော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပရိတ်သတ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဟာ မြန်မာနိုင်ငံမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဆောင်ရွက်တဲ့ ကုန်းတွင်းသဘာဝသတ္တုတူးဖော်ခြင်းလုပ်ငန်းတွေအနက် အကြီးဆုံး စီမံကိန်းကြီးတစ်ခုဖြစ်ပါတယ်။ ပြီးတော့လည်း လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဟာ လူထုရဲ့ ဆန္ဒပြမှုတွေ၊ လူထုဆန့်ကျင်မှုတွေ၊ ဝေဖန်မှုတွေ၊ ပဋိပက္ခတွေနဲ့ထုံမွှမ်းနေပါတယ်။ ယမ်းငွေ့တွေနဲ့ ထုံမွှမ်းခဲ့တဲ့ စီမံကိန်းကြီးတစ်ခုလည်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီစီမံကိန်းဟာ ကျွန်တော်တို့အတွက် အများကြီးအရေးကြီးပါတယ်။ လက်ပံတောင်းတောင် ကြေးနီသတ္တုစီမံကိန်း ဧရိယာဟာ (၇၈၆၇.၇၈)ဧက ဖြစ်ပြီးတော့ ဒီစီမံကိန်းမှာ ပါဝင်တဲ့ ရွာပေါင်းက (၂၆)ရွာရှိပါတယ်။ အဲဒီတော့ ဒီစီမံကိန်း ကြီးကို ဆောင်ရွက်တာဟာ ကျွန်တော်တို့ ဝမ်ပေါင်တရုတ်ကုမ္ပဏီ၊ နောက်ပြီးတော့ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နဲ့ နိုင်ငံတော်တို့ ဖြစ်ပါတယ်။ ဆောင်ရွက်ခဲ့ပါတယ်။ အခုလည်း ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီစီမံကိန်းကို စတင်ပြီးတော့ သမိုင်းကတော့ အရှည်ကြီးပါ။ ဒါပေမဲ့ ကျွန်တော်ပြောရရင် ၂၀၁၂ ခုနှစ် ကာလလောက်ကို ကျွန်တော်ပြောချင်ပါတယ်။ ဒီစီမံကိန်းကြီး အကောင်အထည်ဖော်ဖို့ တာစူတဲ့ကာလမှာ ကျွန်တော်တို့ ဒေသခံပြည်သူတွေက စီမံကိန်းကို ဆန့်ကျင်ကြတယ်။ အဲဒီလိုဆန့်ကျင်တဲ့အတွက် စီမံကိန်းလျော်ကြေးမရလို့ ဆန့်ကျင်တာရှိတယ်။ နောက်ပြီးတော့ သူတို့မြေယာသီးနှံတွေ ခြံစည်းရိုးခတ်လို့ ဆန့်ကျင်တာရှိတယ်။ နောက်ပြီးတော့ လျော်ကြေးယူတဲ့သူတွေကလည်း မြေလျော်ကြေးမှန်း၊ သီးနှံလျော်ကြေးမှန်း မသိတာတွေရှိတယ်။ အဲဒီလိုပွင့်လင်းမြင်သာမှု မရှိတာတွေ အများကြီးရှိခဲ့ပါတယ်။ အဲဒီလိုရှိတာကနေပြီးတော့ ကျွန်တော်အတိုချုပ်ပြောရမယ်ဆိုရင်တော့ ဒီစီမံကိန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒေသခံတွေအကြားမှာ မကျေနပ်မှုတွေအများကြီး ပေါ်ပေါက်ခဲ့တယ်။ ပေါ်ပေါက်ခဲ့တဲ့အတွက် ဆန့်ကျင်ဆန္ဒပြမှုတွေ ဖြစ်ခဲ့တယ်။ ဝေဖန်မှုတွေ ဖြစ်ခဲ့တယ်။

အဲဒီလို ဖြစ်တဲ့အတွက် ၂၉-၁၁-၂၀၁၂ မှာ ဒေသခံတွေဟာ စုရုံးပြီးတော့ သပိတ်စခန်းတွေ ဖွင့်ကြတယ်။ ဆန္ဒပြခဲ့ကြတယ်။ သူတို့ဒေသမှာ အဲဒီတော့ ရွာပေါင်းများစွာပါပဲ။ ၂၉-၁၁-၂၀၁၂ နံနက် (၃)နာရီမှာတော့ အဲဒီသပိတ်စခန်းတွေကို လုံခြုံရေးရဲ အမှတ်(၁၆) ရဲတပ်ရင်းကနေပြီးတော့ ဖြိုခွင်းတဲ့အတွက် ပြဿနာတွေပေါ်ခဲ့ပါတယ်။ မီးခိုးဗုံး(၁၀၃)လုံးအနက် (၅၅)လုံး အသုံးပြုခဲ့တယ်။ သံဃာတော် (၉၉)ပါး၊ လူ(၉)ဦး ပေါင်း(၁၀၈)ဦး ဒဏ်ရာရခဲ့တယ်။ အဲဒီလို အဖြစ်မျိုးတွေ လှုပ်လှုပ်ခတ်ခတ် ဖြစ်ခဲ့တဲ့အတွက် ကျွန်တော်တို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်နေ့မှာတော့ ကျွန်တော်တို့ လက်ရှိနိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အဖွဲ့ဝင်(၁၅)ဦးပါတဲ့ လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့ခဲ့ပါတယ်။ အဲဒီကော်မရှင်က (၃)လတိတိ ကွင်းဆင်းလေ့လာစိစစ်ခဲ့တယ်။ စိစစ်ပြီးတွေ့ရှိတဲ့ အချက်တွေကို အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှာ (၁၅)ဦးပါတဲ့ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ရေးကော်မရှင်ကို ဖွဲ့ခဲ့ပါတယ်။

အဲဒီတော့ ဒီနေ့အထိပဲ ဒီလက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေး ကော်မရှင်ရဲ့ အစီရင်ခံစာပါအချက်တွေကို အကောင်အထည်ဖော်လို့ မပြီးဆုံးသေးပါဘူး။ အဲဒီအချက်တွေက ဘာတွေလဲဆိုတော့ မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးပေးရေး၊ နောက်ပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နောက်ပြီးတော့ ကျွန်တော်တို့ ဒီဒေသအတွင်းမှာ ကျွန်တော်တို့ ရေကောင်းရေသန့်ရရှိရေး၊ ဒီကြေးနီစီမံကိန်းကထွက်ပေါ်လာတဲ့ ရေဆိုးတွေကြောင့် ရေတွင်းတွေ၊ ရေကန်တွေမှာ ရေတွေပျက်စီးတာ၊ ညစ်ညမ်းတာတွေကို ပြန်လည်ဆယ်တင်ရေး၊ နောက်ပြီးတော့ လူမှုရေးအရ ဒေသခံတွေကို ကုစားပေးရေး၊ ပညာရေး၊ လူမှုရေး စတဲ့အချက်တွေ အကောင်အထည်ဖော်ဖို့ အများကြီးအဲဒီစုံစမ်းစစ်ဆေးရေး အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ နောက်ပြီးတော့ ဒီ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာမှာပဲ ဒီဒေသခံတွေကို ကျွန်တော်တို့ အလုပ်ပေးရေးဆိုတဲ့ ဝမ်ပေါင်မှာ အလုပ်ပေးရေးဆိုတဲ့ အချက်တွေလည်း ပါပါတယ်။

သို့ပေမယ့် ကျွန်တော်တို့ အဲဒီအချက်တွေက အများကြီးကျန်ပါသေးတယ်။ အဲဒီတော့ ကျွန်တော် ပြောချင်တာကတော့ လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာကို အကောင်အထည်ဖော်ရေးကော်မရှင် ဖွဲ့ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ အဲဒီကော်မရှင်အဖွဲ့ဝင်

အများအပြားဟာ မရှိတော့ပါဘူး။ မရှိတော့ဘူးလို့ ကျွန်တော်ပြောတာကတော့ သူတို့ရဲ့ ရာထူးတွေမှာ လက်ရှိမရှိတော့ပါဘူး။ အဲဒီတော့ ဒီကော်မရှင် အကောင်အထည်ဖော်ရေးကော်မရှင်ဟာ လက်ရှိမှာ ကျွန်တော်တို့ Active မဖြစ်တော့ပါဘူး။ အဲဒါကြောင့်မို့လို့ အကောင်အထည်ဖော်ရေးကော်မရှင်ရဲ့ အလုပ်တွေကတော့ အများကြီး ကျန်နေပါသေးတယ်။ ဒါကြောင့် ဒီစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ပြန် ------------- (ဩဘာသံများ)

**ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်း ရှိနေသော ဒေသခံများ၏ စိုက်ပျိုးမြေများကို တရားဝင် လုပ်ပိုင်ခွင့်ရရှိရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး က ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်းရှိနေသော ဒေသခံများ၏ စိုက်ပျိုးမြေများကိုတရားဝင် လုပ်ပိုင်ခွင့် ရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မ မေးမြန်းမယ့် မေးခွန်းကတော့ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်မှာရှိတဲ့ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောမှာရှိနေတဲ့ဒေသခံတွေရဲ့ စိုက်ပျိုးမြေတွေကို တရားဝင်လုပ်ကိုင်ခွင့်ရဖို့ အမြန်ဆုံး ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိဆိုတဲ့စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ် ဖြစ်တဲ့ သံတောင်ကြီးမြို့နယ်ဟာ သစ်တောဖုံးလွှမ်းမှု (၇၀)ရာခိုင်နှုန်းရှိပါတယ်။ အဲဒီလို ရှိရခြင်းဟာ မူလသစ်တောအပင်များနဲ့အတူ ဒေသခံတွေရဲ့ နှစ်ရှည်စိုက်ပျိုးပင်တွေကြောင့် ဖြစ်ပါတယ်။ ဒေသခံ (၉၀)ရာခိုင်နှုန်းကျော်ဟာ စိုက်ပျိုးရေး တစ်မျိုးတည်းကိုပဲ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြတာ ဖြစ်ပါတယ်။ ဖာလာ၊ ရာဘာ၊ ကွမ်းသီး၊ ကော်ဖီ၊ ဒူးရင်း စတဲ့ နှစ်ရှည်သီးနှံပင်တွေကို ဓားမဦးချ စိုက်ပျိုးလုပ်ကိုင်လာခဲ့တာ ဖြစ်ပါတယ်။ အစိုးရအဆက်ဆက်မှာ ဒေသရဲ့အခြေအနေအရ သက်ဆိုင်ရာ အစိုးရအဖွဲ့နဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ အခက်အခဲတွေ အားနည်းချက်တွေကြောင့်လည်းကောင်း၊ ဒေသခံတွေရဲ့ ဓလေ့စရိုက်အရလည်းကောင်း တရားဝင်အသိအမှတ်ပြု စိုက်ပျိုးလုပ်ကိုင်ခွင့်မရရှိခဲ့ ပါဘူး။ စိုက်ပျိုးမြေပေါင်း(၂)သိန်းကျော်အနက် လေးပုံတစ်ပုံဟာ သစ်တောကြိုးဝိုင်းနဲ့ ကြိုးပြင် ကာကွယ် တောအတွင်းမှာ ရှိနေတာပါ။

သစ်တောကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ် တောအတွင်းမှာ ဒေသခံ(၅၀၀၀)လောက်ဟာ စိုက်ပျိုးမြေဧက (၄)သောင်းလောက်ကို စိုက်ပျိုးလုပ်ကိုင်နေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပထမ

လွှတ်တော်မှာလည်း သစ်တောဝန်ကြီးဌာနရဲ့ နှစ်(၆၀) စိုက်ပျိုးလုပ်ကိုင်ခွင့် ချထားပေးမယ် ဆိုပေမယ့်လည်း ဒီကနေ့အထိ လုပ်ကိုင်ဆောင်ရွက်ပေးခြင်း မရှိသေးပါဘူး။ အဲဒီအတွက် စိုက်ပျိုးပင် တစ်မျိုးတည်း ဖြစ်တဲ့ ဖာလာစိုက်ပျိုးပင်မှာဆိုရင်လည်းသစ်တောအခွန်ကင်းလွတ်ခွင့် မရခဲ့သေး ပါဘူး။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက ဒေသခံတွေရဲ့ အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းကို တရားဝင်လုပ်ကိုင်ခွင့်ရဖို့အတွက် ကရင်ပြည်နယ်၊ သံတောင်ကြီး မြို့နယ် အတွင်းမှာရှိတဲ့ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တောအတွင်းမှာ ဒေသခံတွေရဲ့ စိုက်ပျိုးမြေ တွေကို တရားဝင်လုပ်ကိုင်ခွင့်ရဖို့အတွက် အမြန်ဆုံးဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (ညြဘာသံများ)

**ရေစုပ်အားကောင်းသည့် ယူကလစ်ပင်စိုက်ပျိုးရေးအား ပိတ်ပင်တားမြစ်၍ မြန်မာ့ရင်းမြစ် သစ်မာပင်များနှင့် ကမ္ဘာ့ဝယ်လိုအား အကောင်းဆုံးဆေးဖက်ဝင် အပင်ထွက်ပစ္စည်း နံ့သာဖြူ နံ့သာနီ၊ သစ်မွှေးအကျော် စသည့်အပင်များအား ဈေးကွက်စီးပွားရေးအတွက် စီမံချက်ဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) က ရေစုပ်အားကောင်းသည့် ယူကလစ်ပင်စိုက်ပျိုးရေးအား ပိတ်ပင်တားမြစ်၍ မြန်မာ့ရင်းမြစ် သစ်မာပင်များနှင့် ကမ္ဘာ့ဝယ်လိုအား အကောင်းဆုံးဆေးဖက်ဝင် အပင်ထွက်ပစ္စည်း နံ့သာဖြူ နံ့သာနီ၊ သစ်မွှေးအကျော် စသည့် အပင်များအား ဈေးကွက်စီးပွားရေး အတွက် စီမံချက်ဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဖြစ်ပါတယ်။ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုရေးရာ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ အစိုးရလက်ထက် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့မှာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) က ကိုယ်စားလှယ်ကြီးက ယူကလစ်စိုက်ပျိုးခြင်းရဲ့ အကျိုးအပြစ်ကို ပွင့်လင်းစွာ သိရှိနိုင်ရန်နဲ့ ဆက်လက် စိုက်ပျိုးရန် သင့်/မသင့် မေးမြန်းခဲ့ပါတယ်။ အဆိုပါကိစ္စနဲ့ ပတ်သက်ပြီး ယူကလစ်စိုက်ပျိုးခြင်းကို သစ်တောပညာရှင်များ သိရှိကြပေမယ့် သယံဇာတနဲ့ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဌာနက တာဝန်ရှိသူအချို့က အကျိုးတရားတွေပဲ တင်ပြဆွေးနွေးခဲ့ကြပြီး ဆိုးကျိုးကို နှိုင်းယှဉ်သိရှိဖို့ ဝေဖန်ပြတာ မတွေ့ရှိရခြင်း ဖြစ်ပါတယ်။ အင်တာနက်မှာ Eucalyptus ဆိုပြီး ဖွင့်ကြည့်လိုက်လျှင်

ရေကို အငမ်းမရ စုပ်ယူလွန်းတဲ့ ယူကလစ်ကို Water Guzzling Plant အရပ်အခေါ် ရေဘီလူးပင်လို့ ခေါ်ဆိုလေ့ရှိ ကြပါတယ်။

ကျွန်တော် လက်တွေ့လေ့လာချက်အရ ယူကလစ်ပင်နဲ့ ရေငတ်ခံတဲ့ သနပ်ခါးပင်ကို နှိုင်းယှဉ်ပြီးတော့ စိုက်ပျိုးတဲ့အခါ သနပ်ခါးပင်တွေအားလုံး သေသွားကြပါတယ်။ ပြင်ဦးလွင်က ပိုးဇာခြံမှာ ပိုးဇာပင်တွေသေပြီး ယူကလစ်တောကြီး ဖြစ်ထွန်းနေပါတယ်။ တစ်ဧကမြေကွက်မှာ ယူကလစ်အပင် (၅၄၀)စိုက်လျှင် (၅)နှစ်ကာလအကြာမှာ ယူကလစ်အပင်တစ်ပင်မှ သစ်ကုဗပေ (၇.၈)ရရှိပြီး၊ တစ်ဧကမှာ (၈၀)ကုဗပေတန်ရ ရှိမည်ဖြစ်ကြောင်းမက်လုံးပေးထားပါတယ်။ တစ်တန်ကို ငွေကြေးမည်မျှ ဆိုတာကိုတော့ ဝှက်ဖဲလုပ်ထိမ်ချန်ထားပါတယ်။ အိမ်နီးချင်းနိုင်ငံတွေကအလိုရှိစဉ် မက်လုံးပေးစကား ပြောဆိုဝယ်ယူကြပေမယ့် သူတို့နိုင်ငံအတွင်းမှာ ဘာကြောင့် ယူကလစ်ပင်တွေ မစိုက်ပျိုးကြသလဲဆိုတာ တွေးကြည့်စရာနဲ့ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ လက်ရှိအနေအထား အရ မန္တလေးတိုင်းဒေသကြီးအတွင်းက ကျွန်တော့်မဲဆန္ဒနယ်မြေ ပြင်ဦးလွင်ဒေသဟာ ပေ(၃၅၃၈) အမြင့်မှာ ရှိပြီးတော့ မိုးရေချိန်(၈၀)နဲ့ အပူချိန်နွေကာလမှာ (၃၈)ဒီဂရီ စင်တီဂရိတ်နဲ့ ဆောင်းကာလမှာ (၅)ဒီဂရီစင်တီဂရိတ် စိမ်းလန်းသာယာတဲ့ တောင်စခန်းမြို့ဖြစ်ပါတယ်။

ယခုအခါ ယူကလစ်အပင်တွေ ဝန်းရံနေလို့ ဂေဟစနစ်ပြောင်းလဲသွားကြောင်း ဒေသခံ များက ပြောကြားကြပါတယ်။ ယခင်အစိုးရလက်ထက်က သစ်တောမြေမှာ ယူကလစ် စိုက်သူတွေ မြေလျှောက် ယူခွင့် ရရှိတဲ့အကြောင်းကိုလည်း စုံစမ်းသိရှိရပါတယ်။ အကျိုးဆက်ကတော့ ယူကလစ်ပင် တွေ ဖြစ်ထွန်းအောင်မြင်လေ ရေတံခွန်တွေနဲ့ သဘာဝစိမ့်စမ်း ရေထွက်ပေါက်တွေ ရေနည်းခြင်း၊ ရေခန်း ခြောက်ခြင်းများရှိကြောင်း တင်ပြလာကြပါတယ်။ အမှန်တော့ ရေစုပ်အား ကောင်းတဲ့ ယူကလစ်ပင် စိုက်ပျိုးခြင်းကို မိုးရေအားထားကြတဲ့ တောင်ပေါ်ဒေသတွေမှာ မစိုက်ပျိုး သင့်ဘဲ ရေဘေးအန္တရာယ် ကျရောက်တတ်တဲ့ မြစ်ချောင်း၊ အင်းအိုင်နံဘေး၊ ရေဝပ်ဒေသတွေမှာ ရေထိန်းပင်တွေအဖြစ် စိုက်ပျိုး ကြရန် ဖြစ်ပါတယ်။ အခုလို တောင်ပေါ်ဒေသမှာ ယူကလစ်ပင်တွေ စိုက်တော့ အခြားအပင်တွေ ဖျက်ဆီးသလို ဖြစ်သွားပြီး ပထဝီအနေအထားနဲ့ ရာသီဥတုပြောင်းလဲ သွားတဲ့ အနေအထားမှာ ရှိပါတယ်။ အထူးသဖြင့် တောင်ပေါ်ဒေသတွေမှာ ယူကလစ်ပင်စိုက်ပျိုး မည့်အစား ဦးစားပေးအနေနဲ့ မြန်မာ့ဒေသ အရင်းအမြစ် ကျွန်းသစ်၊ ပျဉ်းကတိုး၊ တမလန်း၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း စတဲ့ သစ်မာ အမျိုးအစားများ၊ အလှကုန်ပစ္စည်းနဲ့ ဆေးဖက်ဝင် နံ့သာဖြူ နံ့သာနီ၊ အကျော်သစ်မွှေး၊ စမွှာ၊ ကရမက် တို့လို ကမ္ဘာ့ဈေးကွက်ဝင်ဝယ်လိုအား အကောင်းဆုံးအပင်တွေကို စိုက်ပျိုးကြရန် ဖြစ်ပါတယ်။

နံ့သာဆီများထွက်ရှိတဲ့ Sandalwood က (၁)ကီလိုမှာ အရောင်းအဝယ်ဈေးအနေနဲ့ (၃)သိန်းခွဲက (၅)သိန်းခွဲ ရှိပြီးတော့၊ အကျော်သစ်မွှေးကတော့ တစ်ကျပ်သားမှာ (၃)သိန်းက (၅)သိန်း၊ တစ်ပိဿာဆိုလျှင် သိန်း(၃၅၀)ကနေ(၅၀၀)နဲ့ တည်ငြိမ်တဲ့ဈေးကွက် ရှိနေပါတယ်။ သစ်တစ်တန် ဈေးနှုန်းနဲ့ နံ့သာဖြူ အကျော် သစ်မွှေးတစ်ပိဿာ သို့မဟုတ် တစ်ပင်လုံးရဲ့တန်ဖိုး နှိုင်းယှဉ်ကြည့်ရန် ဖြစ်ပါတယ်။ သို့ပါ၍ ဂေဟစနစ်ကို ပြောင်းလဲစေတဲ့ ယူကလစ်စိုက်ပျိုးခြင်းအား ပြန်လည်သုံးသပ်၍ ကမ္ဘာ့ ဈေးကွက်တွင် ဝယ်လိုအားအကောင်းဆုံး နံ့သာဖြူ နံ့သာနီ၊ အကျော်သစ်မွှေး၊ စမွှာ၊ ကရမက်

တို့လို စိုက်ပျိုးထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ပထမဆုံး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်းတွေ့ကြုံနေရသော မိကျောင်းအန္တရာယ်မှ ကင်းဝေးစေရန် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နဲ့ ယခုထက်ပိုမိုကောင်းမွန်သော လူထုပညာပေး အစီအစဉ်များ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနဲ့ စပ်လျဉ်းပြီးတော့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အဆိုရှင် တင်ပြတဲ့အတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်အတွင်းမှာ မိကျောင်း များအန္တရာယ်ရှိမှုနှင့်ပတ်သက်ပြီး မိကျောင်းအလေ့အထများအရ သွားလာကျက်စားတတ်တဲ့ အချိန် ကာလနှင့် အသိုက်ပြုလုပ်တတ်တဲ့ နေရာများ၊ သားပေါက်ဖွားတဲ့ အချိန်တို့ကိုလည်းကောင်း၊ မိကျောင်းများ သွားလာမှုကိုတွေ့ရှိပါက ချက်ချင်းသတင်းပေးရန်နှင့် မြစ်၊ ချောင်းများအတွင်း ရေဆင်း ချိုးခြင်း၊ ရေလုပ်ငန်းလုပ်ဆောင်ခြင်းများကို မပြုလုပ်ကြရန်တို့ကိုလည်းကောင်း၊ မိကျောင်းအန္တရာယ် ကင်းရှင်းရေးအသိပညာပေးခြင်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ သစ်တောဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသနေပြည်သူများနဲ့ ပူးပေါင်းပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် မိကျောင်းများကျေးရွာများအနီး တွေ့ရှိပါကလည်း ကျွမ်းကျင်သူများနှင့်ဖမ်းဆီးပြီး နေရာရွှေ့ပြောင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ် သွားမည်ဖြစ်ပါကြောင်း ပဏာမအားဖြင့် ကျွန်တော်ကြို့တင်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ခုနကကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပါပဲ။ မိကျောင်းမျိုးစိတ်တွေကို နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ထိန်းချုပ်နိုင်ရေးအတွက် နောက်ဆက်တွဲစာရင်း(က)၊ CITES Appendix (I) မှာလည်း သတ်မှတ်ထားပါတယ်။ ကန့်သတ် သတ်မှတ်ထားပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်တဲ့ CBD, CITES, IUCN,I NTERPOL, TRAFFIC အာဆီယံဝင် တို့နဲ့လည်း အဖွဲ့ဝင်ဖြစ်ပြီးတော့ မိကျောင်းများကျက်စားရာ ဒီရေတောများထိန်းသိမ်းခြင်းနှင့်

မိကျောင်း အန္တရာယ် သတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်များ စိုက်ထူခြင်းကို NGO အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်အဖွဲ့ (Fauna &Flora International -FFI) နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်များနဲ့ ယင်းတို့ နေထိုင်ကျက်စားရာ ဂေဟစနစ်များကို ရေရှည်တည်တံ့ရေး ထိန်းသိမ်းကာကွယ်ရန် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ၁၉၉၄ ကို ထုတ်ပြန်ခဲ့ပြီးတော့ မျိုးတုံးမယ့် အန္တရာယ်မှ ကာကွယ်ရမယ့် တောရိုင်းတိရစ္ဆာန်များ စာရင်းကို ဥပဒေအရ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ မိကျောင်းမျိုးစိတ်ကိုလည်းပဲ လုံးဝ ကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်များ စာရင်းထဲမှာ ထည့်သွင်းပြီး ဖြစ်ပါတယ်။ သဘာဝကျက်စားရာနယ်မြေအတွင်း အကောင်ရေအနည်းငယ်သာကျန်တဲ့ မိကျောင်း မျိုးစိတ်များကိုလည်း မူလကျက်စားရာနယ်မြေဖြစ်တဲ့ ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းနှင့် ကျွန်းပတ်လည်မှာရှိတဲ့ ရေပြင်ကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် စုစုပေါင်းဧရိယာ (၃၃၇၇၆)ဧက ကို၁၉၉၃ခုနှစ်မှာ တည်ထောင်သတ်မှတ်ပြီး ဖြစ်ပါတယ်။ မိန်းမလှကျွန်း တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော ကို ဧရာဝတီတိုင်းဒေသကြီးရဲ့ ဒီရေတော မူရင်းပေါက်ရောက်ရာ ဂေဟစနစ်နဲ့ ရေနေသတ္တဝါများတို့ရဲ့ ဂေဟစနစ်အဖြစ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း ဖြစ်ပါတယ်။

နာဂစ်မတိုင်မီက မိန်းမလှကျွန်းအတွင်း မိကျောင်းကောင်ရေတွေကို (၈၀)လောက် စာရင်းကောက်ယူနိုင်ခဲ့ပါတယ်။ ဘိုကလေးမြို့နယ် ပြင်ပနေရာများမှာလည်း ကျက်စားမှုများရှိကြောင်း သတင်းရရှိခဲ့ပါတယ်။ နာဂစ်နောက်ပိုင်းမှာတော့ မိန်းမလှကျွန်းမှ မိကျောင်းမျိုးစိတ်များကို ထိန်းသိမ်းဆောင်ရွက်ပြီးတော့ စာရင်းကောက်ယူတဲ့အခါမှာ အားလုံးအရွယ်ရောက်ပြီးနဲ့ အရွယ်မရောက်သေးတဲ့ မိကျောင်းငယ်ပေါင်း (၃၉)ကောင်ရှိကြောင်းကို ကျွန်တော်တို့ သိရပါတယ်။ သဘာဝဂေဟစနစ်အရလည်းကောင်း၊ အစာကွင်းဆက် (Food Chain)နဲ့ သဘာဝထိန်းညှိမှုအရသော်လည်းကောင်း၊ မိကျောင်းများ နှစ်စဥ် သားပေါက်ရာတွင်လည်းကောင်း၊ ရှင်သန်ကြီးထွားခွင့် ရရှိရန် ခက်ခဲကြောင်း၊ မိကျောင်း သားပေါက်ငယ်များကို ငှက်ကြီးများ၊ ငါးကြီးများနဲ့ မိကျောင်းကြီးများက ဖမ်းဆီးစားသောက်တတ်တဲ့အတွက်ကြောင့်မို့လို့ ကောင်ရေအနည်းငယ်သာ ရှင်သန်ခွင့် ရရှိခဲ့ပါတယ်။ မိကျောင်းများအတွက် မိန်းမလှကျွန်းကြီးအတွင်းရှိ ချောင်းများ၊ ရေပြင်ဧရိယာများမှာ လုံလောက်မှုရှိသော်လည်း တရားမဝင် ဝင်ရောက်ပြီး ငါးဖမ်းခြင်း၊ ထင်းခုတ်ခြင်း၊ ပိုက်ထောင်ခြင်းကြောင့် မိကျောင်းများ သဘာဝအတိုင်း နေထိုင်ကျက်စားမှုကို နှောင့်ယှက်သလို ဖြစ်ခဲ့ပါတယ်။ မိကျောင်းများမှာ အသိုက်ပြုလုပ်ချိန်မှာ အနှောင့်အယှက် ကင်းနိုင်ပေမယ့် အခြားနေရာများကို ရှာဖွေရာကနေပြီးတော့ ကျေးရွာအနီး ဒေသခံများရဲ့ ရေလုပ်ငန်းဆောင်ရွက်တဲ့နေရာများ၊ လူတို့အနီး ပတ်ဝန်းကျင်နေရာများကို ရောက်ရှိ လာပြီးတော့ လူနဲ့မိကျောင်းပဋိပက္ခများ ဖြစ်ပွားလာရခြင်းဖြစ်ကြောင်း ကျွန်တော်တို့ သုံးသပ်တွေ့ရှိ ခဲ့ပါတယ်။

သစ်တောဦးစီးဌာနမှ ဘိုကလေးမြို့နယ်အတွင်းမှာရှိတဲ့ ဒီရေတောဂေဟစနစ်နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ မိကျောင်းများနဲ့ သက်ဆိုင်တဲ့ အလေ့အထ၊ အန္တရာယ်ရှိမှုတို့ကို နှစ်စဥ် အသိပညာပေး ဟောပြောခြင်း အစီအစဥ်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မိန်းမလှကျွန်းအနီး ပတ်ဝန်းကျင်ကျေးရွာများ၊ မိကျောင်းနှစ်စဥ်

တွေ့ရှိရတဲ့ ချောင်းများတစ်ဝိုက်မှာ မိကျောင်းအန္တရာယ်ပေး သတိပေးဆိုင်းဘုတ်များကို စိုက်ထူပေးခြင်း၊ အသိပညာပေး စာစောင်များဖြန့်ဝေခြင်း၊ သတိပေးအကြောင်းကြားစာများကိုလည်း ကြိုတင်ဖြန့်ဝေခြင်း များကို ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ ပူးပေါင်းပြီးတော့ အချိန်ကာလအလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ မိကျောင်းအန္တရာယ် သတိပေးစာစောင်များကို မိန်းမလှကျွန်း တောရိုင်းဘေးမဲ့တော ပတ်ဝန်းကျင်မှ ကျေးရွာ(၂၂)ရွာနဲ့ မြို့ပေါ်ရပ်ကွက် (၁၀)ရပ်ကွက်တို့ကိုလည်းပဲ ဖြန့်ဝေခြင်းများကို ယခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာလည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်စုမှူးများ၊ ရွာခွဲခေါင်းဆောင်များနဲ့ ပူးပေါင်းပြီးတော့ အသံချဲ့စက်ဖြင့်ကြေညာခြင်း၊ မိကျောင်းအန္တရာယ် သတိပေးချက်များကို ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် အများပြည်သူ ပိုမိုသိရှိနိုင်ရန် မီဒီယာကို အသုံးပြုပြီးတော့ သတင်းဖြန့်ချိရေးကို ၃-၈-၂၀၁၆ ရက်နေ့မှာ ဒီမိုကရေစီ သတင်းဂျာနယ်တွင်လည်းကောင်း၊ မြန်မာ့အသံ ရေဒီယိုမှ ၂၀၁၆ ခုနှစ်၊ ဒီနှစ်ဇွန်လ ၁၃ ရက်နေ့၊ စက်တင်ဘာလ ၁၂ ရက်၊ ၁၃ ရက်နေ့တို့မှာလည်းကောင်း၊ မိကျောင်း အန္တရာယ် သတိပေးချက်နဲ့ မိကျောင်းဆိုင်ရာ အလေ့အထများ၊ သက်ဝင်လှုပ်ရှားမှုများကို သတင်းစကား အစီအစဉ်နဲ့ ထုတ်လွှင့်ပေးခဲ့ပါတယ်။ စဉ်ဆက်မပြတ်စောင့်ကြည့်ရေး အစီအစဉ် အဖြစ်လည်း မိကျောင်းသတင်းစောင့်ကြည့်ရေးနဲ့ ဖမ်းဆီးရေးအဖွဲ့များကိုလည်း မိန်းမလှကျွန်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများနဲ့ လှုပ်ရှားအဖွဲ့ ဖွဲ့စည်းထားပြီးတော့ သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပါ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒေသခံများမှလည်းပဲ မိကျောင်းများ တွေ့ရှိတာနဲ့ သတင်းပေးပို့နိုင်ရေးကို ဆက်သွယ်ရမယ့် တာဝန်ခံများရဲ့ ဖုန်းနံပါတ်များကိုလည်း ကျွန်တော်တို့ ဖြန့်ချိအသိပေးထားပါတယ်။ ဘိုကလေးမြို့နယ်မှာ နှစ်စဉ်နှစ်တိုင်း တွေ့ကြုံနေရတဲ့ မိကျောင်းအန္တရာယ် ကင်းဝေးစေရေးအတွက် ဘိုကလေးမြို့နယ်၊ ငါး လုပ်ငန်းဦးစီးဌာနမှလည်း နှစ်စဉ် သဘာဝပတ်ဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနကထုတ်ပြန်တဲ့ မိကျောင်းအန္တရာယ်သတိပေး အကြောင်းကြားချက်များကို ရေလုပ်သားများ သိရှိရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးထံ စာဖြင့်သော်လည်းကောင်း၊ ငါးသယံဇာတထိန်းသိမ်းရေးဟောပြောပွဲများ၊ အသိပညာပေးဟောပြောခြင်းများကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဧပြီလကနေပြီးတော့ စက်တင်ဘာလ အထိ ဟောပြောပွဲ အကြိမ်ပေါင်း(၂၀)ကို ဆောင်ရွက်ရာမှာ ဒေသခံရေလုပ်သားပြည်သူ မိကျောင်းအန္တရာယ်စိုးရိမ်မှု မရှိစေရေးနဲ့ သတိပေး တားမြစ်ချက်များအပေါ် လိုက်နာဆောင်ရွက်ကြစေရန် အသိပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ရှေ့လုပ်ငန်းစဉ်များအနေနဲ့ ၂၀၁၆ ခုနှစ်၊ ၁၀လပိုင်း ၂၇ ရက်ကနေပြီးတော့ ၃၁-၁၀-၂၀၁၆ ရက်နေ့အထိ လပိုင်းကျေးရွာ၊ ပဒဲကောကျေးရွာ၊ ကဒုံကနိကျေးရွာ၊ ဓမင်းနောင်ကျေးရွာ၊ အစီးလေးကျေးရွာ၊ ဓမ္မသုခကျေးရွာများကို သဘာဝပတ်ဝန်း ကျင်နဲ့ သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းရေးအဖွဲ့နဲ့အတူ ကွင်းဆင်းလှည့်လည်ပြီးတော့ ဒေသခံ ရေလုပ်သားပြည်သူများ မိကျောင်းအန္တရာယ်ကင်းရှင်းရန်အတွက် အသိပညာပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ကြီးကြပ်မှုနဲ့ သက်ဆိုင်ရာ သစ်တောဦးစီးဌာန၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်

ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး၊ ဆက်စပ်ဌာနများနဲ့ ဒေသအုပ်ချုပ်ရေးမှူးအဖွဲ့မှ စဉ်ဆက်မပြတ် သတင်းရယူပြီး မိကျောင်းများ နေရင်းဒေသပြင်ပ တွေ့ရှိမှုများကို ကျွမ်းကျင်သူများက ဖမ်းဆီးပြီးတော့ နေရင်းဒေသအတွင်း ပြန်လည်စေလွှတ်ခြင်း၊ အန္တရာယ်သတိပေးချက်များ ဟောပြောဆောင်ရွက်ခြင်း များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး တို့ကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းကို ကျွန်တော်ဆက်လက်ပြီး ဖြေကြားပါမယ်။ Power Point တင်ပြခွင့် ပြုပါ ခင်ဗျား။ ကရင်ပြည်နယ် အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး ရဲ့ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ အတွင်းရှိနေသော ဒေသခံများ၏ စိုက်ပျိုးမြေများကို ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနဲ့ စပ်လျဉ်းပြီးဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point နှင့် ကျွန်တော့်အား တင်ပြခွင့်ပြုပါ။

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်းမှာ ဆိုရင်ဖြင့် ကြိုးဝိုင်း(၃)ခု၊ ကြိုးပြင် ကာကွယ်တော(၄)ခု စုစုပေါင်း(၇)ခု ရှိပါတယ်။ ဧကအားဖြင့် (၁၁၅၇၄၅)ဧက ရှိပါတယ်။ မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဆောင်ရွက်ရာမှာ ပြည်သူလူထုရဲ့ စားဝတ်နေရေး၊ လူမှုဖွံ့ဖြိုးရေး၊ တိုးတက်ရေးတို့အတွက် ထိရောက်သိသာစွာ ဆောင်ရွက်ပေးနိုင်ရန် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော်အခြေချနေထိုင်တဲ့ ရွာစု၊ အိမ်စုနဲ့ ၎င်းတို့ရဲ့ မြေအသုံးချမှုများကို ဌာနဆိုင်ရာများ ပါဝင်တဲ့အဖွဲ့စုံနဲ့ စာရင်းကောက်ယူပြီး ကျေးရွာအသစ်များ ပြန်လည်ဖွဲ့စည်းရေး၊ နေရာချထားပေးနိုင်ရေးအတွက် သစ်တောဦးစီးဌာနမှ စီမံချက်ရေးဆွဲပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ ပူးပေါင်းပါဝင်တဲ့ ကြီးကြပ်မှုကော်မတီများ စနစ်တကျဖွဲ့စည်းပြီးတော့ တစ်နိုင်ငံလုံးမှာ ၂၀၁၃ခုနှစ်၊ ၂လပိုင်း၊ ၂၀ ရက်နေ့ ကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့အထိ စာရင်းကောက်ယူ ခဲ့တဲ့နေရာမှာ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်းမှာရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော များမှာရှိတဲ့ စာရင်းများကို ကျွန်တော် Power Point မှာ တင်ပြပါမယ်။

Power Point မှာ တင်ပြထားတဲ့အတိုင်း စာရင်းကောက်ယူပြီး ရရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်တော မြေအတွင်းမှာ နှစ်ကာလအတန်ကြာ ကျူးကျော်အခြေချ နေထိုင်ခဲ့တဲ့ ရွာစု၊ အိမ်စုများအတွက် သစ်တော မြေမှ ပယ်ဖျက်ခြင်းလုပ်ငန်း အဆင့်ဆင့် ပယ်ဖျက်ပေးလျက်ရှိပါတယ်။ အဲဒီနေရာမှာ သံတောင်ကြီးမြို့နယ်မှာပါတဲ့အတိုင်းပါပဲ။ ဒီမှာ Power Point မှာ တင်ပြတဲ့အတိုင်းပါပဲ။ အိမ်ခြေ(၅၀)နဲ့ အထက်/ အောက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ (၈)ရွာ၊ ရွာမြေ (၃၁၈.၁၇)ဧက၊ လယ်မြေ(၃၀၁.၀၅) ဧက၊ သာသနာနဲ့ အများပိုင်မြေ(၁၁၂.၄)ဧက စုစုပေါင်း(၇၃၁.၆၂)ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေး ပြီး ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာက သံတောင်ကြီးမြို့နယ်ဟာဖြင့် မြို့နယ်အတွင်းမှာ ရှိတဲ့ ကြိုးဝိုင်းများဟာ ရေဝေရေလဲအုပ်ချုပ်မှုအတွက် အလွန်အရေးကြီးတာလည်း ဖြစ်ပါတယ်။ ဒီမှာရှိတဲ့ တောတောင်သဘာဝဟာ ခုနကကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပဲ။ (၇၀)ကျော်ရာခိုင်နှုန်း ဖုံးလွှမ်းပင်ဖုံးလွှမ်းငြားသော်လည်းပဲ ရေမြေတိုက်စားမှုရှိလာပါက အောက်မှာရှိတဲ့ မြစ်ချောင်းများမှာ အနည်ကျ မှုများ အကြီးအကျယ် ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၃ ခုနှစ်မှာ သံတောင်ကြီးမြို့နယ် သစ်တောမြေ များအတွင်း စာရင်းကောက်ယူခဲ့တဲ့ ယာမြေ(၂၉၆.၁)ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခြင်းမပြုဘဲ သစ်တောသစ်ပင် (၁)ဧကလျှင် (၁၅၀)ပင်နဲ့ မိမိကြိုက်နှစ်သက်ရာ သစ်ပင်များရောနှော စိုက်ပျိုးနိုင်ပြီး မြေငှားရမ်းခ ပေးဆောင်ခြင်းမပြုရတဲ့ သစ်တောသီးနှံရောနှော စိုက်ပျိုးတဲ့စနစ်ကို အခြေခံတဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းလုပ်ငန်းကို ခွင့်ပြုပေးပြီး၊ ဥယျာဉ်ခြံ (၂၄၁၅.၆)ဧကနဲ့ နှစ်ရှည်/စိုက်ခင်း (၅၉.၇)ဧကကို နှစ်ရှည်မြေငှားစနစ်နဲ့ လုပ်ကိုင်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

နံပါတ်(၃)မေးခွန်းကို ကျွန်တော်ဆက်လက် ဖြေကြားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းရေး၊ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ၊ ထိုကော်မတီကို ပြန်လည်ဖွဲ့စည်းမည်ဆိုပါက မည်သည့်အချိန်တွင် ဖွဲ့စည်းမည်နှင့် ထိုသို့ ဖွဲ့စည်းရာတွင် ဒေသခံများအားထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြ မေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။

ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပါပဲ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိတဲ့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် ဖြစ်ပေါ်လျက်ရှိတဲ့ ဖြစ်စဉ်များနဲ့စပ်လျဉ်းပြီး ကြေးနီမိုင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် သင့်/မသင့်နဲ့ ဆန္ဒပြမှု ဖြစ်စဉ်များ ထိန်းသိမ်းမှုအပေါ်မှာ အခြေအနေမှန် ထုတ်ဖော်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ အရေးကြီးအဆို တင်သွင်းပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနဲ့ စပ်လျဉ်းပြီး ကြေးနီမိုင်း ဆက်လက်လုပ်ဆောင်ခွင့်ပြုရန် သင့်/မသင့်အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ၁-၁၂-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၂) အရ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဥက္ကဋ္ဌ(၁)ဦး၊ အတွင်းရေးမှူး(၁)ဦးနဲ့ အဖွဲ့ဝင်(၂၈)ဦး၊ စုစုပေါင်း (၃၀)ဦးနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ သို့သော်လည်းပဲ ယင်းစစ်ဆေးရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံးရဲ့ ၃-၁၂-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၉၅/၂၀၁၂) အရ ကျွန်တော် Power Point မှာ ဖော်ပြထားတဲ့ အဖွဲ့ဝင်(၁၆)ဦးနဲ့ ပြန်လည် ဖွဲ့စည်း ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင်အဖြစ်၊ ဥက္ကဋ္ဌအဖြစ်ကတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါတယ်။

အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်က အပြီးသတ် အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှာ ထုတ်ပြန်ကြေညာပြီးတော့၊ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၃) ဖြင့် သမ္မတရုံးဝန်ကြီးဌာန(၆)၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနဲ့ ပတ်သက်ပြီးတော့ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် ကော်မတီကိုတော့ အဖွဲ့ဝင်(၁၅)ဦးနဲ့ ပါဝင်ပြီးတော့ ဥက္ကဋ္ဌ အဖြစ် ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၆)၊ ဦးလှထွန်း အပါအဝင် ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာအပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်မယ့် ကော်မတီ အဖွဲ့ဝင်များမှာ အဆင့်တိုးမြှင့် တာဝန်ထမ်းဆောင်ခြင်း၊ ဌာနပြောင်းရွှေ့ တာဝန် ထမ်းဆောင်ခြင်း များကြောင့် နိုင်ငံတော်သမ္မတရုံးရဲ့ ၃-၇-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၉/၂၀၁၄) ဖြင့် လည်းကောင်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး ဟာ အဆင့်တိုးတာဝန် ထမ်းဆောင်မှုကြောင့် ၁-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၄) ဖြင့်လည်းကောင်း၊ ကျွန်တော်တို့ Power Point မှာ တင်ပြတဲ့အတိုင်းပြန်လည်ပြင်ဆင်ခဲ့ပါတယ်။

အပိုဒ် ၁၃၆၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနဲ့ ပတ်သက်တဲ့ စုံစမ်းစစ်ဆေးရေး အပေါ်မှာ ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိမည့် Monitoring and Evaluation Process များဖြင့် စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပူးပေါင်း စီမံခန့်ခွဲရေးကော်မတီ (Joint Management Committee - JMC) ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ ဆက်လက် ဆောင်ရွက်စေသင့်ကြောင်းဆိုပြီး သုံးသပ်ထားပါတယ်။

အဲဒီသုံးသပ်ချက်အရ ကန်ထရိုက်စာချုပ်အရ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုကော်မတီ (Joint Management Committee - JMC)မှာ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိသူများသာ ပါဝင်တဲ့ စီမံကိန်းများကို ပိုမိုပြီး အနီးကပ် ကြီးကြပ်နိုင်ရန်အတွက် ၂၃-၁-၂၀၁၅ ရက်နေ့မှာ ကျင်းပတဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပူးပေါင်းစီမံခန့်ခွဲမှုကော်မတီက ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်မယ့် (Joint Implementation Team-JIT)ကို ဖွဲ့စည်းခဲ့ပါတယ်။ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Joint Implementation Team-JIT) မှာ တိုင်းဒေသကြီးဝန်ကြီးတစ်ဦး ဦးစီးလျက် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ တာဝန်ရှိသူများနဲ့ ခရိုင်ရဲအဖွဲ့များ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်၊ မြန်မာဝမ်ပေါင်မှ တာဝန်ရှိသူများ ပူးပေါင်းပြီးတော့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို လစဉ် ကျင်းပလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် ကော်မတီ အနေနဲ့ အပြီးသတ်အစီရင်ခံစာ တင်ပြပြီးဖြစ်ခြင်း၊ အပြီးသတ် အစီရင်ခံစာ စာမျက်နှာ (၈၉) အပိုဒ် ၁၃၆ အရ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ပူးပေါင်းစီမံခန့်ခွဲရေးကော်မတီ (Joint Management Committee - JMC) ဖွဲ့စည်းပြီးတဲ့အပြင် ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်

ရေးအဖွဲ့ (Joint Implementation Team - JIT) ကိုပါ ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ပါ အကြံပြု ချက်များအရ ဆက်လက်ဆောင်ရွက်ရမယ့် အချက်(၅)ချက်ဖြစ်တဲ့ မြေယာလျော်ကြေးနဲ့ မြေယာထောက်ပံ့ကြေးများကို ထုတ်ပေးခြင်း၊ မိုင်းပိတ်သိမ်းမှု ရန်ပုံငွေထားရှိဆောင်ရွက်ခြင်း၊ ဒုတ္ထာလွှမ်းမိုးမြေများ ဖယ်ရှားခြင်းနှင့် အပေါ်ယံမြေဆီလွှာ သယ်ဖို့ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစီမံခန့်ခွဲရေး လက်မှတ်များရရှိရန် ဆောင်ရွက်ပေးခြင်း၊ မြေယာဆုံးရှုံးရသည့် ရွာသူ ရွာသားများအတွက် လစဉ်ငွေကြေးထောက်ပံ့ခြင်း လုပ်ငန်းရပ်များနှင့် ကြေးနီသတ္တုတွင်း စီမံကိန်း လုံခြုံရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်တဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီအသစ်အား အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ် မရှိပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။

နံပါတ်(၄)ဖြစ်တဲ့ မေးခွန်း ကျွန်တော်ဖြေကြားပါမယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)ရဲ့ ရေစုပ်အား ကောင်းသည့် ယူကလစ်ပင် စိုက်ပျိုးရေးအား ပိတ်ပင်တားမြစ်၍ မြန်မာ့ရင်းမြစ် သစ်မာပင်များနှင့် ကမ္ဘာ့ဝယ်လိုအား အကောင်းဆုံး ဆေးဖက်ဝင် အပင်ထွက်ပစ္စည်း နံ့သာဖြူ နံ့သာနီ၊ သစ်မွှေးအကျော် စသည့် အပင်များအား ဈေးကွက်စီးပွားရေးအတွက် စီမံချက်ဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးကျွန်တော် ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားပါမယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။

ယူကလစ်သစ်ဟာဖြင့် ကျွန်တော်တို့ ဒီ Power Point မှာ တင်ပြတဲ့အတိုင်းပါပဲ။ Eu ဆိုတာ က ဂရိစကား (ကောင်းမွန်စွာ)၊ Kaluptos ကတော့ (ဖုံးလွှမ်းသည်)ဆိုတဲ့ အဓိပ္ပာယ်နဲ့ ခေါ်ပါတယ်။ ယူကလစ် သစ်မျိုးဟာ မူလဖြစ်တဲ့ ဩစတြေးလျနိုင်ငံ ဖြစ်ပြီးတော့ သူ့မျိုးရင်းကတော့ Mytraceae မျိုးစုကတော့ Eucalyptus ဖြစ်ပါတယ်။ ယူကလစ်မျိုးစိတ်ပေါင်းက (၇၀၀)လောက်ရှိပြီးတော့ မြန်မာနိုင်ငံမှာ ၁၉၆၇ ကနေပြီးတော့ ၆၉ ခုနှစ်များမှာ အကြီးမြန်တဲ့ ယူကလစ်မျိုး (၇)မျိုးကို ပြုန်းတီးပျက်စီးနေတဲ့ တောများမှာပြန်လည်တည်ထောင်ရန်၊ ကျေးလက်ဒေသအတွက် ထင်း လောင်စာနဲ့ သစ်တောထွက်ပစ္စည်းများ ရရှိစေရန်၊ ဆေးဝါးကုန်ကြမ်းပစ္စည်းအတွက် အလားအလာ များကို ပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီးတော့ မန္တလေးနဲ့ ပြင်ဦးလွင် ဒေသများမှာ စမ်းသပ် စိုက်ပျိုးခဲ့ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုနဲ့ မြေညံ့များမှာသော်လည်းကောင်း၊ ပင်လယ်ရေ မျက်နှာပြင်အထက် (၃၀၀၀) မြင့်တဲ့ တောင်ပေါ်ဒေသ များမှာလည်းကောင်း၊ ကမ်းရိုးတန်း မြေပြန့်ဒေသနှင့် အပူပိုင်းဒေသ၊ တောင်ပေါ်ဒေသ အစရှိတဲ့ သဲဆန်မြေများမှ နုန်းမြေအမျိုးအစား အထိ စိုက်ပျိုးနိုင်ပြီးတော့ ကြီးထွားမှုမြန်ဆန်ခြင်း၊ သစ်ထုထည် ပမာဏအများအပြားကို အချိန်တိုအတွင်းရနိုင်ခြင်း၊ ပတ်ဝန်းကျင်အခြေအနေ အမျိုးမျိုးတွင် လိုက်လျောညီထွေစွာ ရှင်သန် ပေါက်ရောက်နိုင်ကြောင်းကို ကျွန်တော်တို့ စမ်းသပ်တွေ့ရှိခဲ့ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းဆွေးနွေးသွားတဲ့ တောင်ပေါ်မြို့စခန်းဖြစ်တဲ့ ပြင်ဦးလွင် ဒေသမှာ ယူကလစ်ပင်များ စိုက်ပျိုးခြင်းကြောင့် ရေရှားပါးလာရခြင်း၊ ယူကလစ်ပင်ဟာ ရေကို အငမ်းမရ စုပ်ယူသောက်သုံးတတ်တဲ့ အပင်လို့ခေါ်ဆိုခြင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်

ဆက်လက်ပြီးတော့ ဖြေကြားသွားပါမယ်။ ယူကလစ်ပင်ဟာ အကြီးမြန်တဲ့ Fast Growing Tree Species ဖြစ်တာနဲ့အညီ လျင်မြန်စွာ ကြီးထွားနိုင်ရေးအတွက် လိုအပ်တဲ့ အစာရေစာကို ပိုမိုစုပ်ယူသလိုပါပဲ။ စုပ်ယူပြီးတဲ့ အစာရေစာကို ထိန်းသိမ်းမှုနဲ့ အကျိုးရှိစွာအသုံးပြုပြီး Biomass တစ်ယူနစ်ရရှိရန်အတွက် ရေသုံးစွဲမှုမှာတော့ အနည်းဆုံးနဲ့ အကျိုးအရှိဆုံး အသုံးပြုတဲ့ သစ်မျိုးဖြစ်ကြောင်း ကျွန်တော်တင်ပြဆွေးနွေးလို ပါတယ်။ သုတေသနပြုချက်များအရ သစ်သား(၁)ဂရမ်ရရှိရေးအတွက် ရေလိုအပ်မှုမှာ ယူကလစ် သစ်မျိုးဟာ ဒေသမျိုးရင်းသစ်များဖြစ်တဲ့ ကျွန်း၊ သင်းဝင်ဖြူ၊ သပြေဖြူ၊ ကုက္ကိုသစ်မျိုးများထက် သိသာစွာ လျော့နည်းပြီးတော့ အဓိကဖြစ်တဲ့ ကျွန်းမျိုးရဲ့ လေးပုံတစ်ပုံခန့်သာ ရေကိုလိုအပ်ပါတယ်။ ဆိုလိုတာက မိမိစုပ်ယူတဲ့ရေကို အသားကြီးထွားအောင် ပြုလုပ်တဲ့နေရာမှာ မိမိစုပ်ယူတဲ့ရေကို အနည်းငယ်ပဲ သုံးတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့ ယူကလစ်ပင်ဟာ ရေကိုစုပ်ယူသော်လည်း စုပ်ယူသောရေကို အကျိုးရှိစွာဖြင့် Biomass သစ်သားထုထည် တိုးပွားစေရန် အဓိက အသုံးပြုခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ယူကလစ်ပင်ဟာ ရေငွေ့ပျံနှုန်း နည်းပါးတဲ့အပင် ဖြစ်ပါတယ်။ သူ့ရဲ့အရွက်ဟာ သေးပြီး ချွန်တဲ့အတွက်ကြောင့်မို့လို့ Evaporation လုပ်တဲ့နေရာမှာ ကျွန်တော်တို့ အင်မတန်ကိုနည်းပါးတယ်။ ပြင်ဦးလွင်ဒေသ အနေနဲ့ ၁၉၆၇ခုနှစ်ကတည်းကယူကလစ်သစ်မျိုးကို စိုက်ပျိုးခြင်းဖြစ်ခဲ့တဲ့အတွက် လွန်ခဲ့သောနှစ်ပေါင်း (၅၀)ခန့်ကတည်းက ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရခြင်းဖြစ်ပါတယ်။ ယခုနှစ်မှာ ပြင်ဦးလွင်ဒေသမှာ ရေရှားပါးမှုပြဿနာများ ဖြစ်ပေါ်လာရခြင်းကြောင့် ယူကလစ်စိုက်ပျိုးခြင်းဆိုတဲ့ အကြောင်းတစ်ခု တည်းကြောင့်မဟုတ်ဘဲနဲ့ ပြင်ဦးလွင်ဒေသမှာ မြို့ပြလူဦးရေ တိုးပွားလာမှု၊ သင်တန်းကျောင်း အရေအတွက် များပြားလာမှု၊ ထင်းလိုအပ်မှုများပြားလာမှု၊ ကွန်ကရစ်လမ်းများကို အိမ်များ၊ လမ်းများတွင် အများအပြားခင်းတဲ့အတွက်ကြောင့်မို့လို့ ရေစိမ့်ဝင်မှု (Infiltration) နည်းပါးလာမှု၊ မြို့ပြ/ကျေးရွာ၊ လူနေရပ်ကွက်များချဲ့ထွင်လာမှု၊ စိုက်ပျိုးမြေဧရိယာများ ချဲ့ထွင်လာမှုများကြောင့် သစ်တောဖုံးလွှမ်းမှု ဧရိယာလျော့ကျလာပြီး ကန်တော်ကြီးရေနဲ့ မြေအောက်ရေ အပါအဝင် ရေထိန်းသိမ်းနိုင်မှုစွမ်းအင် လျော့ပါးလာခြင်းကြောင့် ရေပြဿနာများကို ရေရှားပါးမှု ပြဿနာများ တွေ့ကြုံရခြင်းဖြစ်ပါတယ်။

သစ်တောဦးစီးဌာနအနေနဲ့ နိုင်ငံပိုင်သစ်တောစိုက်ခင်းများအလိုက် ကျွန်တော်တို့ စိုက်တဲ့နေရာမှာ ကျေးရွာသုံးထင်းစိုက်ခင်း ယူကလစ်၊ မယ်ဇလီ၊ ရှား ကို ကျွန်တော်တို့ (၄၄၉၅၈၆)ဧက တည်ထောင်ပြီးတော့ နည်းပညာရှုထောင့်အရ သင့်တော်တဲ့နေရာနဲ့အပေါ်မှာ မူတည်ပြီးတော့သာ ယူကလစ်ပင်များ ကို စိုက်ပျိုးခဲ့ပါတယ်။ ပြင်ဦးလွင်မြို့နယ်မှာ ဌာနစိုက်ခင်း အနေနဲ့ ၂၀၀၀ ခုနှစ်အထိ ယူကလစ် စိုက်ခင်းပေါင်း စိုက်ခင်းဧက (၅၁၇၀)ကို စိုက်ပျိုးတည်ထောင် ခဲ့ပါတယ်။ မြန်မာ့ကျွန်းမျိုးကောင်းတို့ ရှင်သန်ရာဖြစ်တဲ့၊ မူရင်းဒေသဖြစ်တဲ့ ပဲခူးရိုးမမှာတော့ ပုဂ္ဂလိကစိုက်ခင်းအနေနဲ့ ယူကလစ်သစ်မျိုးကို လုံးဝမစိုက်ပျိုးရန်အတွက် အမိန့်ကြော်ငြာစာ ထုတ်ပြီးတော့ တားမြစ်ထားပြီး ဖြစ်ပါတယ်။ ပြင်ဦးလွင် နယ်မှာ ပုဂ္ဂလိကသစ်မာစိုက်ခင်းအနေနဲ့ ယူကလစ်တစ်မျိုးတည်းစိုက်ပျိုးသူ လုပ်ငန်းရှင်(၂)ဦးရှိပြီး ဧက(၃၀) စိုက်ပျိုးတည်ထောင်ထား ပါတယ်။ လုပ်ငန်းရှင်(၁၂၂)ဦးကတော့ ဧရိယာ (၁၁၁၇)ဧကအတွင်းမှာ ယူကလစ်သစ်မျိုးကို အခြားဒေသသစ်မျိုးဖြစ်တဲ့ ယမနေ၊ ခါတော်မီ၊

လျှော်ဖြူ သနပ်ခါးတို့နဲ့ ရောနှော စိုက်ခင်းအသွင် စိုက်ပျိုးတည်ထောင်ထားပါကြောင်း ဖြေကြားအပ်ပါတယ်။

သစ်တောဦးစီးဌာနရဲ့ ပုဂ္ဂလိကသစ်မာစိုက်ခင်းအပြင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရဲ့ နှစ်ရှည် ပင်လုပ်ငန်းပိုင်မြေဧက(၄၀)မှာလည်းပဲ ယူကလစ်ပင်များကို ၂၀၁၃ ခုနှစ်ကစပြီးတော့ စိုက်ပျိုးထားကြောင်းကိုလည်း ဖြေကြားအပ်ပါတယ်။ ယူကလစ်သစ်မျိုးဟာ သင့်လျော်တဲ့ နေရာဒေသမှာ စိုက်ပျိုးပါက ကြီးထွားမှုမြန်ပြီး စီးပွားရေးအကျိုးအမြတ်ကို အချိန်တိုအတွင်း ရနိုင်တဲ့အပြင် ရနိုင်တဲ့အတွက် ကြောင့်မို့လို့ ဆင်းရဲနွမ်းပါးမှုလျှော့ချမှုကို အထောက်အကူပြုနိုင်ကြောင်းနှင့် ယူကလစ်စိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ စောင့်ကြည့်၊ စစ်ဆေး၊ အကဲဖြတ်ခြင်း လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ ပြည်သူလူထုအတွင်း ဖြစ်ပေါ်စိုးရိမ်လျက်ရှိတဲ့၊ ဖြစ်ပေါ်လျက်ရှိတဲ့ စိုးရိမ်မှုများနဲ့ပတ်သက်ပြီး အကျိုးအပြစ်ကို သုတေသနပြုလုပ်ပြီးတော့ သတင်းအချက်အလက်များ ထုတ်ပြန်ရန်၊ ရေစုပ်ယူခြင်း၊ လူမှုစီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို စိုက်ပျိုးမယ့်နေရာဒေသအလိုက် အသေးစိတ် သုတေသနပြုလုပ်ရန်၊ စမ်းသပ်ရရှိတဲ့ မြေဆီလွှာ အခြေအနေ၊ စိုက်ပျိုးမှုအခြေအနေများကို စိုက်ပျိုးတည်ထောင်သင့်တဲ့ နေရာများမှာသာ သတ်မှတ်ပြီး ယူကလစ်ပင်များကို စနစ်တကျ စိုက်ပျိုးသွားသင့် ပါကြောင်းကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ယူကလစ်ပင်သစ်မျိုး စိုက်ပျိုးခြင်းနဲ့ပတ်သက်ပြီးတော့ အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်း များအရ ဂေဟစနစ်နဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုများဟာ စာတမ်းပြုစုသူပညာရှင်များရဲ့ ရှုထောင့်အမျိုးမျိုးပေါ် မူတည်ပြီးတော့ ကွဲပြားလျက်ရှိပါတယ်။ အဆိုးရှေးရှု တွေ့ရှိချက်များထက် အကောင်းတွေ့ရှိချက်များက များပြားကြောင်းကိုတော့ လေ့လာတဲ့အပြင် ပြင်ဦးလွင်ဒေသနဲ့ ပတ်သက်ပြီး ရေစုပ်ယူခြင်း၊ လူမှုစီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုများကို အသေးစိတ် သုတေသနပြုသွားရန် လိုအပ်မည်ဖြစ်ပါကြောင်းနဲ့ ရရှိလာတဲ့ ရလဒ်များကို အခြေခံပြီး ယူကလစ်သစ်မျိုး ပျိုးထောင်ရန်မသင့်တဲ့ဒေသများနဲ့ သင့်တဲ့ဒေသများကိုတော့ ကျွန်တော်တို့ ဇရိယာကန့်သတ်ပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

မြန်မာ့သစ်မျိုးများဖြစ်တဲ့ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ ယမနေ၊ မဟော်ဂနီ၊ ယင်းမာ အစရှိတဲ့ ပြည်ပရောင်းတန်းဝင် (Commercial Tree Species)များကို ပုဂ္ဂလိကစိုက်ခင်းများအဖြစ် တည်ထောင်ရန် ခွင့်ပြုထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့၊ အဆိုပါ ပုဂ္ဂလိကသစ်မာစိုက်ခင်းများအတွင်းမှာ သစ်မွှေး၊ နံ့သာဖြူ၊ နံ့သာနီ၊ လျှော်ဖြူ ဝါးစတဲ့ တန်ဖိုးရှိ အပင်များကို ရောနှောစိုက်ပျိုးခြင်းကိုလည်း ခွင့်ပြုလျက်ရှိပါကြောင်းနှင့် ယနေ့အထိ ပုဂ္ဂလိကကျွန်း စိုက်ခင်း (၁၃၉၉၄၈)ဧက နှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း (၈၇၇၁၃)ဧက စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ကြောင်း ကိုလည်းကျွန်တော် တင်ပြလိုပါတယ်။

အခုနက ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပါပဲ။ နံ့သာဖြူ အိန္ဒိယနိုင်ငံကတစ်ဆင့် ရောက်လာပါတယ်။ ၁၉၁၅ ခုနှစ်မှာ။ သစ်မွှေး၊ သစ်မွှေးကတော့ မျိုးစိတ်(၂၉)မျိုး ရှိတဲ့အနက် မြန်မာပြည်မှာ ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မန္တလေးနဲ့ ရှမ်းတို့မှာ သစ်မွှေးမျိုးစိတ် (၂)မျိုးကိုတော့ သဘာဝတောများမှာတွေ့ရပြီး တချို့ဒေသကတော့ (အကျော်)လို့ခေါ်ပါတယ်။ အဆိုပါသစ်မျိုးများကို ပုဂ္ဂလိကသစ်မာ စိုက်ခင်းများမှာ မြန်မာ့အရင်းအမြစ်သစ်မာပင်များနဲ့ ရောနှောစိုက်ပျိုးလျက်ရှိပြီး

တော့၊ လုပ်ငန်းရှင် (၉၈)ဦးကနေပြီးတော့ ဧရိယာဧကအားဖြင့် (၁၀၃၀၄)ဧကကို စိုက်ပျိုးတည်ထောင်ခဲ့ပြီး၊ အဆိုပါ သစ်မျိုးများဟာ (CITES) စာရင်းဝင် အပင်များဖြစ်တဲ့အတွက်ကြောင့်မို့လို့ သစ်တောမြေပြင်ပ စိုက်ပျိုးတဲ့အပင်များကိုလည်း သစ်တောဦးစီးဌာနက မှတ်ပုံတင်ခြင်း၊ ပြည်ပတင်ပို့နိုင်ရေးအတွက် အထောက်အထား လက်မှတ်ထုတ်ပေးခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းမှာ လိုအပ်တဲ့နည်းပညာရရှိရေးနဲ့ ပြည်တွင်း၌ ခိုင်မာတဲ့ဈေးကွက် ဖြစ်ပေါ်လာရေးအတွက် သစ်မွေးလုပ်ငန်းရှင်များအသင်း၊ သစ်လုပ်ငန်းရှင်များအသင်းနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး အားပေးမြှင့်တင်ဆောင်ရွက်ခြင်း များရှိပါကြောင်း၊ စိုက်ပျိုးလျက် ရှိပါကြောင်းကို ကျွန်တော်တို့ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်းကိုမေး။ ခင်ဗျား စောစောမေးကတည်းက လိုရင်းမမေးလို့ ခင်ဗျားမေးခွန်း မဆုံးတာ။ (၅)မိနစ်ပြီးတာတောင်မှ။ လိုရင်းမေး။

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျွန်တော်တို့ ဒီဒေသမှာ၊ လက်ပံတောင်းတောင်ဒေသမှာ လျော်ကြေးမယူတဲ့သူတွေ အများအပြားရှိပါသေးတယ်။ မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး၊ နောက်ပြီးတော့ အခု သီးနှံနစ်နာကြေး ဆိုတာကိုလည်း ဒေသခံတွေက တောင်းဆိုနေပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့၊ ဝန်ကြီးအနေနဲ့ ဘယ်လို စီမံဆောင်ရွက်ဖို့ အစီအစဉ် ရှိ/မရှိ ကျွန်တော် သိလိုပါတယ်။

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ ဒီလျော်ကြေးနဲ့ပတ်သက်ပြီးကတော့ ဆက်လက်ပြီးတော့ ခုနတချို့ ဒီမှာ နှစ်ခုတွေ့ရပါတယ်။ တချို့က လျော်ကြေးပေးတာကို လက်ခံတဲ့လူပုဂ္ဂိုလ်ရှိပါတယ်။ တချို့ကတော့ ဒီလျော်ကြေးကို အကြောင်းအမျိုးမျိုးနဲ့ပေါ့လေ။ လက်ခံမှုမရှိတဲ့လူပုဂ္ဂိုလ်ဖြစ်ပါတယ်။ လျော်ကြေးကို လက်ခံတဲ့လူများကိုတော့ ဆက်လက်ပြီး လျော်ကြေးပေးပြီးတော့ အကြောင်းအမျိုးမျိုး ကြောင့် လျော်ကြေးပေးခြင်းကို လက်မခံတဲ့လူများကိုတော့ စည်းရုံးပြီးတော့ ဆောင်ရွက်လျက်ရှိ ကြောင်းကို ကျွန်တော်သိရပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၇။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင်က သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၇။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမျိုးအောင် ဥပဒေကြမ်းကော်မတီဝင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်သက်ကြီးရွယ်အိုများ ဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တင်ပြ သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၆ (၄၀၈)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

၁။ ပြည်သူ့လွှတ်တော်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ၂၃-၁၁-၂၀၁၆ ရက်နေ့ တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာ ပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ၅-၁၂-၂၀၁၆ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည်အကြံပြုဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် ဥပဒေရေးရာ အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၉-၁၂-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ် -

(က) ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားသည့် အပိုဒ် ၂၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဠ)၊ အပိုဒ်ခွဲ(ထ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဠ)၊ အပိုဒ် ၄၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၉၊ အပိုဒ် ၆၁၊ အပိုဒ် ၆၃ တို့သည် အဓိပ္ပာယ်ပိုမို ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းသာ ဆက်လက် အတည်ပြုသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

(ခ) အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၃၊ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၂)၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(င)၊အပိုဒ် ၆၀ တို့ကို ပြည်သူ့လွှတ်တော်ကပယ်ဖျက်ထားသည့်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းသာ ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား အစီရင်ခံ တင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သက်ကြီး ရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ် တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး က အကြံပြု ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ

တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းသာ ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူသူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်ကဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ လေ့လာသူများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကာ ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ အထက်ပါ ဥက္ကဋ္ဌကြီးရဲ့ ဖတ်ကြားခဲ့တဲ့ ကော်မတီရဲ့ အစီရင်ခံစာကို အကြံပြုဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်း(၄)ခုနဲ့ ကြယ်ပွင့်မပြမေးခွန်း(၁)ခု မေးမြန်းခဲ့ပါတယ်။ အဲဒီ မေးခွန်းများကို လေ့လာဆန်းစစ်ပြီးဆွေးနွေးမှာ ဖြစ်ပါတယ်။ မေးခွန်း(၁)က ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ အရက်ချက်စက်ရုံရဲ့ (က)

ထွက်ကုန် ပစ္စည်းဖြစ်တဲ့ အရက်များရဲ့ စံချိန်စံညွှန်းနဲ့(ခ)ပတ်ဝန်းကျင်ပြည်သူများ ထိခိုက်နစ်နာမှုများ နှင့် EIA, SIA, HIA စတဲ့မေးခွန်းများ မေးမြန်းခဲ့ရာ စက်မှုဝန်ကြီးဌာနနဲ့ သယံဇာတသဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးတို့မှ ပူးတွဲဖြေဆိုရန်ဖြစ်သော်လည်း စက်မှုဝန်ကြီးဌာနမှသာလာ ရောက်ဖြေကြား တဲ့အတွက် သဘာဝပတ်ဝန်းကျင်အတွက် ဆက်စပ်မေးခွန်းများဟာ အဖြေကို ရောက်မလာဘဲနဲ့ ယောင်ချာချာ ဝေ့လည်လည် ဖြစ်ခဲ့ရပါတယ်။

မေးခွန်း(၂)ကတော့ သင်္ဘောသားများ စွမ်းရည်မြှင့်သင်တန်းအတွက် နေရာတောင်း ဆိုခြင်းဖြစ်ပြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တစ်ဦးတည်းသာ သက်ဆိုင်ပါတဲ့အတွက် အဖြေဟာ လိုရာခရီးကို ပေါက်ခဲ့ပါတယ်။

မေးခွန်း(၃)ကတော့ တစ်စုံတစ်ရာအဆင့်ထိ ကျေနပ်ရတဲ့ မေးခွန်းဖြစ်ပါတယ်။ အဖြေဟာ မေးခွန်းကို ခြုံမိ ငုံမိလည်း ဖြစ်ခဲ့ပါတယ်။ ဟင်္သာတခရိုင်အတွင်းရှိ ဆည်မြောင်း(၄)ခုနဲ့ တာတမံများရဲ့ (က) ခိုင်ခံ့မှုအတိုင်းအတာကို ပြည်တွင်းနှင့်ပြည်ပမှ ပညာရှင်များနဲ့ စစ်ဆေးမှုအခြေအနေကို မေးမြန်းခြင်းနဲ့ (ခ) အကယ်၍ ရေကြီးရေလျှံဖြစ်ပေါ်ခဲ့ရင်ရေကြီးမှုအရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေး စီမံချက် (Emergency Response Plan) နဲ့ ရေကြီးမှုကြိုတင်ပြင်ဆင်ကာကွယ်မှု အစီအမံ (Emergency Contingency Plan)များ ပြင်ဆင်ထားမှုအခြေအနေ မေးမြန်းခဲ့ခြင်း ဖြစ်ပါတယ်။ ပတ်သက်နေတဲ့ ဝန်ကြီးဌာနကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန(၂)ခု ဖြစ်သော်လည်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တစ်ဦးတည်းကနေ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် မေးခွန်းတွေကိုပါ အားလုံးနီးပါးပြည့်စုံစွာ ဖြေသွားတာကိုတွေ့ရပါတယ်။ အဲဒီမှာ ဝန်ကြီးဌာနအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းကိုလည်း သတိပြုမိပါတယ်။ လေးလည်းလေးစားပါတယ်။ အခြားဝန်ကြီးဌာနများလည်း ဒီလိုဖြေကြားခဲ့ရင် အခုလို ဆွေးနွေးစရာ အကြောင်းက ပေါ်လာစရာ အကြောင်းမရှိပါဘူး။

မေးခွန်း(၄)မှာတော့ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနဲ့ ကံဘဲ့လမ်းထောင့်ရှိ သုတေသန အဆောက်အဦများနဲ့ မြေနေရာကို (Marga Landmark Development Co;) ကုမ္ပဏီက စွန့်လွှတ်မြေအဖြစ် ဖန်တီးပြီး အစိုးရအပြောင်းအလဲ ကြားကာလမှာ အတင်းလွှဲပြောင်းယူခဲ့တဲ့ အပေါ်မှာ (က) ငှားရမ်းတဲ့ စနစ်၊ တန်ဖိုးနဲ့ လုပ်ထုံးလုပ်နည်းများရဲ့ ပွင့်လင်းမြင်သာမှုကို မေးမြန်းခြင်း၊ (ခ) ၎င်းနေရာအစား အခြားနေရာပြောင်းပြီး အိမ်ရာဖွံ့ဖြိုးမှု ဆောက်လုပ်ခြင်းကို ဆောင်ရွက်ခြင်း လုပ်ငန်းလုပ်ပါရန် ကိစ္စဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဝန်ကြီးဌာန(၄)ခုလောက် ပတ်သက်နေပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဖြစ်ပါတယ်။ ပါဝင်ပတ်သက်နေတဲ့ ဒီဖြစ်စဥ်ကို လာဖြေတာက တော့ ပညာရေးဝန်ကြီးဌာနတစ်ခုတည်းက ဖြေတဲ့အတွက် ဘာဆိုဘာမှ ရေရာတဲ့အဖြေမရှိခဲ့ပါဘူး။ လွှတ်တော်ကိုတောင် အကူအညီတောင်းလာပါတယ်။ ဒါကြောင့်မို့လို့ အခြားသော ဝန်ကြီးဌာနများရဲ့ သဘောထားအဖြေကို ကျွန်တော် မေးလို့မရခဲ့ပါဘူး။

မေးခွန်းနံပါတ်(၅)ကတော့ ကြယ်ပွင့်မပြမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့အတွက် (၂)မိုင်ခွဲခန့်အရှည်ရှိတဲ့ မြို့ရှောင်လမ်း ဖောက်ပေးပါရန် မေးခွန်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကို မေးထားခြင်းဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်ကြားမယ့်အဖြေကို ပြည်ထောင်စုအစိုးရ၏ တိုင်းဒေသကြီးအစိုးရကို လွှဲတဲ့အခါမှာ တိုင်းစည်ပင် ဝန်ကြီးဌာနက ကုန်ကျစရိတ်များခြင်း၊ ၂၀၁၇-၂၀၁၈ အထိ လုပ်ငန်းတွေလျာထားပြီးဖြစ်နေပါ၍ ဆောင်ရွက်ပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားပါတယ်။ ဒီအဖြေကို ကျွန်တော်လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ ဒီအဖြေမှာ တွက်ချက်မှုက အလွန်ရုပ်ဆိုးနေပါတယ်။

ကုန်ကျစရိတ်တွက်ချက်တာဟာ လယ်ဧက(၄.၅)ဧကအတွက် လျော်ကြေးငွေကို (၁)ဧကလျှင် ကျပ်သိန်း(၂၀)ခန့်နှုန်းနဲ့ထားပြီး သိန်း(၉၀)ဖြစ်ရမယ့်အစား စုစုပေါင်း(၉၁၀)ကျပ်သိန်းနဲ့ပေါင်းပြီးတော့ မှားတွက်ထားပါတယ်။ ဒါကြောင့်မို့လို့ စာရင်းမှာ လယ်မြေ (၄.၅)ဧကလျော်ကြေးငွေသိန်းပေါင်း(၉၁၀)၊ကွန်ကရစ်တံတား(၂)စင်း သိန်းပေါင်း(၁၀၀)၊ မြေသားလမ်းဖောက်ခြင်း သိန်းပေါင်း(၅၀၀)၊ ကတ္တရာလမ်းခင်းခြင်း သိန်းပေါင်း(၁၈၇၅)သိန်း၊ စုစုပေါင်း(၃၃၈၅) သိန်း ဆိုပြီးတွက်ထားပါတယ်။ အမှန်က (၂၅၆၅)သိန်းသာ ကျသင့်ပါတယ်။ ကတ္တရာလမ်း(၁)မိုင်အတွက် သိန်းပေါင်း(၁၀၂၆)သာကျသင့်တာကို သိန်းပေါင်း(၁၃၅၄) သိန်းဖြစ်နေတာတွေ့ရပါတယ်။ အစိုးရဌာန အဆင့်ဆင့်ကို ကျော်ဖြတ်လာပြီးမှ ရောက်လာတဲ့အဖြေဟာ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေကို ပြက်ရယ်များပြုနေသလားလို့လည်း ခံစားမိပါတယ်။ အဖြေစာရွက်ကျွန်တော့်မှာ သက်သေရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အယူအဆ တင်ပြရရင် မေးခွန်းတစ်မျိုးဟာ တစ်ခါတည်းသာ မတူတာမေးခွင့်ရှိတဲ့အတွက် ဆက်စပ်မေးခွန်းဆိုတာ လာရောက်ဖြေကြားတဲ့ဝန်ကြီးဌာနရဲ့ ဆက်စပ်မေးခွန်းမဟုတ်ဘူးလို့ ကျွန်တော် ယူဆမိပါတယ်။ ဒါကြောင့် မေးခွန်းလာရောက်ဖြေဆိုသူဟာ မိမိဌာနနဲ့သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ ဖြေရမယ့်တာဝန်ရှိနေပါတယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ဆက်စပ်မေးခွန်းများကို လက်ခံယူဆောင်သွားပြီး ပါဝင်ပတ်သက်ရာဝန်ကြီးဌာနများနဲ့ တွေ့ဆုံညှိနှိုင်းပြီး မေးမြန်းတဲ့ ကိုယ်စားလှယ်ထံ တရားဝင်အကြောင်းပြန်ကြားသင့်တယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။

နိဂုံးချုပ်အနေနဲ့ အကြံပြုလိုတာကတော့ (၁) လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းတွင်ဖြေကြားစေလိုသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို ဖော်ပြခြင်း၊ ဝန်ကြီးဌာနမှ ကတိကဝတ်ဖြစ်ပြီးဆောင်ရွက်ရမယ့် လုပ်ငန်းစီမံချက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ အကြောင်းကြားခြင်း၊ လုပ်ငန်းအခြေအနေကို လွှတ်တော်ကိုယ်စားလှယ်များမှ ကော်မတီသို့ ပြန်လည်တင်ပြခြင်း၊ (၃) ဝန်ကြီးဌာနအချင်းချင်းချိတ်ဆက်ပြီး ထိရောက် ကျစ်လျစ်သိပ်သည်း ပြီးပြည့်စုံသော အဖြေကို ဖြေကြားစေလိုခြင်း၊ (၄) လွှတ်တော်ကိုယ်စားလှယ်များဘက်ကလည်း အများနားလည်ပြီး ကျစ်လျစ်သိပ်သည်းသောရှင်းလင်းထိရောက်သော မေးခွန်းများကို မေးခြင်းကို မေးသင့်ပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့်အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံစာကို အမျိုးသား လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဦးသိမ်းဆွေ(ဥက္ကဋ္ဌ၊အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ )**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ဖြစ်တဲ့ ၁၉-၁၂-၂၀၁၆ ရက်နေ့မှာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆိုများ၊ မေးမြန်းခဲ့သည့် မေးခွန်းများနဲ့ စပ်လျဉ်းသည့် ကော်မတီရဲ့ အစီရင်ခံစာကို တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီကနေ့မှာလည်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း က အကြံပြုချက်များနဲ့ ထောက်ခံဆွေးနွေးပြီးလည်း ဖြစ်ပါတယ်။

သို့ပါ၍ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံနိုင်ပါရန်နှင့် အတည်ပြု ပေးနိုင်ပါရန် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ကျွန်တော် ဦးသိမ်းဆွေ က အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူသူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေးဟာဆိုရင် ဒီကနေ့ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ အစည်းအဝေးကျင်းပရက် (၁၈)ရက် အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို ဥက္ကဋ္ဌအနေနဲ့ ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများအကျိုးအတွက် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စများ၊ ဒေသခံပြည်သူတို့အတွက် အမှန်တကယ် လိုအပ်လျက်ရှိတဲ့ ကိစ္စများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ပြည်သူလူထု၏အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၁၀၄)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၆၂)ခုတို့ကို မေးမြန်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုချင်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန အချင်းချင်းပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်း တို့ကို ဆောင်ရွက် ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းခြင်းကဏ္ဍတွင် ကရင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး က နိုင်ငံတော်၏ သား၊ ငါးကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည် ဆိုသော MICA (Myanmar International Cooperation Agency)သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်ဆောင်ရွက် ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စု အစိုးရအဖွဲ့၏ တရားဝင် ခွင့်ပြုမိန့် မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊

မြေယာများကို မည်သို့ စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်း ဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူညီခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က ပေးပို့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှ အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့ထားတဲ့ ဥပဒေကြမ်းများအနက်နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည်ကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ပါတယ်။ ယင်းဆွေးနွေးချက်ကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိသင့်ကြောင်းတင်ပြခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခဲ့ရာ ယင်းပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးခဲ့ပါတယ်။

သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည်ကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့ပါတယ်။ ယင်းဆွေးနွေးချက်ကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိသင့်ကြောင်း တင်ပြခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့

ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပြီး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၇)ကြိမ်၊ပြည်သူ့ငွေစာရင်းကော်မတီ(၃)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ (၁)ကြိမ်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ(၅)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၂)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ(၃)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ( ၄)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၂)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ(၆)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (၁)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၃)ကြိမ်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၆)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ(၇)ကြိမ်၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ(၂)ကြိမ်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီ (၁၀)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (၅)ကြိမ်၊ စုစုပေါင်း ကော်မတီ အစည်းအဝေး ( ၆၇ ) ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည် မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန် ဆွေးနွေးပွဲ (Debate)ကို (၂)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက်သတင်းအချက်အလက်နှင့် လုပ်ငန်းအကူအဖွဲ့မှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကာလအတွင်း စာတမ်းတိုတစ်စောင် ထုတ်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် (၄၇)ဦးက သိရှိလိုသည့် သတင်းအချက်အလက်များအနက် (၆၅) စောင်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ(၂၆)စောင် ရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့ရဲ့ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈) ရက်မြောက် နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပ ပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]